ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၅)ရက် ၊ ကြာသပတေးနေ့ ၊ (22-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၇)

ဒီတာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ ပြည်သူ့အကျိုး ရှက်သယ်ပိုးမည့် အားကိုးထိုက်သူ ရွေးကြစို့။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈۷) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၁၆

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့် ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်စဉ်။

နေပြည်တော် ဧနှစ်နဝါရီ ၂၁

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို ဧနှစ်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထမအကျော့ တင်ပြလျှောက်ထားခြင်းကို ဧနှစ်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ဦးဆောင်ရှေ့နေ Mr. Christopher Staker၊ မြန်မာနိုင်ငံ၏ရှေ့နေ Mr.Sam-Bloom Cooper နှင့် Ms. Leigh Lawrie တို့က တုံ့ပြန်ချေပလျှောက်လဲခဲ့ကြသည်။

ဆက်လက်၍လည်း မြန်မာနိုင်ငံ၏ရှေ့နေ Mr. Stefan Talmon က မြန်မာနိုင်ငံသည် ဘင်္ဂါလီများဖိနှိပ်ရန် အမုန်းစကားဖြန့်ချိမှုကို အစိုးရ သို့မဟုတ် တပ်မတော်က ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် ဘင်္ဂါလီများကို မျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း ဂမ်ဘီယာ၏ လျှောက်လဲမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊

စာမျက်နှာ ၁၈ ကော်လံ ၄

ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား(Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

သတင်းအဖွဲ့

အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလိမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

အောင်မြင်သောရွေးကောက်ပွဲမှသည် အနာဂတ်ဒီမိုကရေစီနိုင်ငံသစ်ဆီသို့

ရွေးကောက်ပွဲများသည် မည်သည့်နိုင်ငံအတွက်မဆို အလွန်အရေးပါသော ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစောဆုံးအဆင့်များကို ဖြတ်သန်းနေရသော တိုင်းပြည်များအတွက် ပို၍အရေးကြီးသည်။ မိမိတို့နိုင်ငံသည်လည်း စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး အရွေ့တစ်ခုအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

"၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း အပိုင်း(၃)ကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲစာရင်းများမှန်ကန်စေရေး၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအပါအဝင် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ခဲ့ကြောင်း" နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ဇန်နဝါရီ ၂၀ ရက်တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် ပြည်သူလူထုလိုလားတောင့်တသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ထိုသို့ဖော်ဆောင်ရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း သုံးပိုင်းခွဲ၍ ကျင်းပလျက်ရှိရာ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၌လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ ၌လည်းကောင်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ကျန်ရှိနေသေးသည့် အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ပြည်သူလူထု၏ တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲပေးမှုတို့ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျင်းပပြီးသည့် ရွေးကောက်ပွဲအပိုင်း(၁)နှင့် အပိုင်း(၂)ရလဒ်ကိုလည်း ပြည်သူများအားလုံး ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေး ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ကျန်ရှိသည့် ရွေးကောက်ပွဲအပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပရန် သုံးရက်သာလိုတော့သည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် အရွေ့တစ်ခုပင်ဖြစ်သောကြောင့် ရွေးကောက်ပွဲအောင်မြင်ရေး မဲဆန္ဒရှင်ပြည်သူများက တက်တက်ကြွကြွဆန္ဒမဲပေးကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မုံရွာ ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၉၂၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၃၁၇၉ ဧက၊ ကနီမြို့နယ်တွင် ၅၁၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၄၈ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၂၂၀၀ စုစုပေါင်း ၉၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ကြက်သွန်နီ ဧက ၉၂၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၃၅၂၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၄၇၀၊ ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ဧက ၉၂၀၀ ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀ဖြ)

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၂၀၇ ဧက စိုက်ပျိုးမည်

ယခင်နှစ်က စပါးစိုက်ခင်းကိုတွေ့ရစဉ်။

မြောင်းမြ ဇန်နဝါရီ ၂၁

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၂၀၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၂၀၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စပါး ၁၂၉၂၀၇ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝါးခယ်မမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်ခင် အချိန်ကတည်းက စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင် ဆောင်ရွက်ပေးနေပါတယ်။ ဒါပြင် တောင်သူတွေစိုက်ပျိုးတဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေသြဇာတွေကိုလဲ ချိတ်ဆက်ကူညီပံ့ပိုးပေးဖို့ရှိပါတယ်။ ဓာတ်မြေသြဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးသွားပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

အမရပူရမြို့နယ် တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အမရပူရ ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၅၇ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

တောင်ယာဉ်ပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၄၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၅၅ သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မိုးနဲမြို့နယ် လွိုင်လင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုးနဲ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်လင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦး၊ မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လွိုင်လင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကုန်ထုတ်လမ်းအား ရေရှည်တည်တံ့စေရေး ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ သဲဖြူနုံကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅- ၂၀၂၆ ခုဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၂၀ ဒသမ ၇၁၆ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် Kham Hein ကုမ္ပဏီက ၂၀၂၅ ခုနှစ် သြဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကုန်ထုတ်လမ်းရာနှုန်းပြည့်ဖောက်လုပ်ပြီးစီးသည့်အတွက် လွိုင်လင်းကျေးရွာနေ ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ လယ်ယာထုတ်ကုန်များကို စျေးကွက်သို့ အလွယ်တကူတင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ဘုတလင် ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၈၁၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၂၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ဧက ၁၈၁၂၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ၁၈၂၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှု က ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

ညောင်ရွှေမြို့နယ် ရွာလယ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲယာရွာမ ကျေးရွာအုပ်စု ရွာလယ်ကျေးရွာ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ရွာလယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ချည်ထည်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာလယ်ကျေးရွာ၌ ချည်ထည်လုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့နှစ်ဖွဲ့ကို RBF ရန်ပုံငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

သနပ်ပင်မြို့နယ် စံပြကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်သောင်ကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် ဝန်ထမ်းများက စံပြကျေးရွာ(VRFP)စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၃၅ ဒသမ ၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စံပြကျေးရွာ (VRFP) စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၁၃၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျားပျံစပါး တင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အတွင်းက ကျားပျံစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်စျေးကွက်ထဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အဲဒီဘက်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချခဲ့ပါတယ်။ ကျားပျံစပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ကျားပျံစပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၇၀၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် ကျားပျံစပါးများအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း ကန်ကြီးထောင့်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

တိမ်မြုပ်နေသော ဆယ့်နှစ်ရာသီလူးတားတစ်စောင်

ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာစာပေနယ်ပယ်တွင် ကဗျာဟူသောစာပေ အရေးအသားတစ်ရပ်ရှိသည်။ ထိုကဗျာသည်လည်း ဖွဲ့ဆိုပုံအမျိုးမျိုးရှိသည်။ ထိုဖွဲ့ဆိုပုံများထဲမှ လူးတား အကြောင်းကို ဆိုပါဦးမည်။ မြန်မာအဘိဓာန်၌ လူးတားအဓိပ္ပာယ်ကို နှစ်မျိုးဖွင့်ဆိုထားသည်။ ၎င်းမှာ လူးတားပေါက်ရာတွင် သုံးသည့်ကြိုး၊ အဆုံးပိုဒ်ကို အစပြန်ကောက်ကာ အသံရှည်ရှည်ဆွဲ၍ သီဆိုရသည့် လေးလုံးစပ်ကဗျာတစ်မျိုးဟူ၍ ဖြစ်သည်။

မြန်မာကဗျာကျမ်းအသီးသီးတို့တွင်ကား လူးတား အဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ဆိုပြထားပါသည်။ ရှေးဟောင်းကျမ်းတစ်စောင်ဖြစ်သည့် ဝေါဟာရဝိပွလ္လာသ လက္ခဏာဒီပကကျမ်းတွင် လူးတားအဓိပ္ပာယ်ကို "ကြားနာရသူတို့၏နားသည် နူးနူးညွတ်ညွတ်ရှိသော အသံကိုဆွဲ၍ ဒူးနားဆိုလိုရင်း။ ပထမ'နှ'ကို လပြု၊ ဒုတိယ'နှ'ကို တပြု၍ လူးတားဆိုသည်။ နကို လပြုခြင်း၊ နကို တပြုခြင်းမှာ နောက်မှအကျယ်ဆိုမည်။ လေ့ကြီးပိန်းကြီးတို့ အညာသို့ဆန်တက်လျှင် ထိုးဝါးခတ်တက်တို့ဖြင့် ထိုးခတ်၍ မဆန်မတက်နိုင် ရေစုန်သို့သာ မျောစုန်သည်ကို မစုန်မျောရအောင် ကျောက်ဆူးမှာ လွန်ချီ၍ထားပြီးမှ လွန်ကိုဆွဲ၍ တရွေ့ရွေ့ အညာသို့ဆန်တက်ရသည်ကို ဆွဲသဖြင့် လွန်တားဆွဲသည်ကို ဆိုလိုရင်း၊ လ၌ ဝကိုဦးပြု အမှီသရအနက်မရှိ၊ အနက်ကို မဟောစွမ်းသော နကိုပျောက်စေ။ အနက်ကို မ သရကင်းသည့်အဖြစ်ကို သိရအောင် တံခွန်စိုက်၍ ပြသည်။ လူးတားကို လွန်တားဖြစ်စေလိုသော် ဦးကို ဝပြု၊ နိဂ္ဂဟိတ်လာ၍ နပြု၊ ပြုသောနမှာ ကပ်စရာ၊ မှီစရာသရမရှိကြောင်းကို သိရအောင် နထက် တံခွန်တင် လွန်တားဖြစ်တော့သည်"ဟူ၍ ဖွင့်ဆိုထားသည်။

ဝေါဟာရလိနတ္ထဒီပနီတွင် "လူးတားဟူ၍ ခေါ်ဝေါ်ရေးသားကြသည်မှာ ပ္ပုတသဒ္ဒါသည် ပေါ်ပေါ်လွင်လွင် ရှည်ရှည်လံလံ အသံကိုစွဲ၍ ပ္ပုတ၌ ပ အက္ခရာကို ချေပြီးလျှင် လုတဖြစ်သည်။ ထိုလုတကိုပင် ဥကို ဦဒီဃပြု၊ တ၌လည်း အာဒီဃရောက်သဖြင့် ဝိသဇ္ဇနီသံဖြင့် လူးတားခေါ်ဝေါ်ရေးသားကြကုန်သည်မှတ်" ဟူ၍ ဖွင့်ဆိုထားပါသည်။

လူးတားအကြောင်းကို ယခုကဲ့သို့ နိဒါန်းအစချီ၍ ရေးသားနေခြင်းမှာ တိမ်မြုပ်နေသော လူးတားတစ်စောင်အကြောင်းကို တင်ပြလိုရှိ၍ဖြစ်သည်။ ထိုလူးတားမှာ ဆယ့်နှစ်ရာသီဖွဲ့လူးတားဖြစ်သည်။ တိမ်မြုပ်နေသော ဆယ့်နှစ်ရာသီဖွဲ့လူးတား အကြောင်းကိုမဆိုမီ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများ အကြောင်းကို အရင်ဆုံး ရေးသားဖော်ပြပါဦးမည်။

ဖွဲ့ဆိုသည့်ပုံစံအမျိုးမျိုး

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ရေးဖွဲ့ကြရာတွင် ပုံစံအမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။ ကဗျာဖွဲ့ဆိုပုံအမျိုးမျိုးရှိရာတွင် စာဆိုတို့သည် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ပုံစံအမျိုးမျိုးဖြင့် ဖွဲ့ဆိုခဲ့သည်ကို တွေ့ရသည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို အိုင်ချင်း၊ အဲချင်း၊ တေးထပ်၊ တေးဘွဲ့၊ တေးရိုး၊ သံပေါက်၊ ရတု၊ ပျို့၊ မော်ကွန်း၊ လူးတား၊ ရကန်၊ ဇချင်း၊ လေးချိုး၊ ဒွေးချိုး၊ မှာတမ်း၊ လေပြေ၊ လွမ်းချင်း၊ သဖြန်၊ လူးတား၊ ရကန်၊ ခွန်းထောက် စသည်ဖြင့် ဖွဲ့ဆိုခဲ့ကြသည်။

၁၂ လကို ဖွဲ့ဆိုသည့်ပုံစံ

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ရေးဖွဲ့ကြရာတွင် အချို့က ကဗျာတစ်ပုဒ်လျှင် တစ်လနှုန်းဖြင့် ဆယ့်နှစ်လကို ၁၂ ပုဒ် ရေးဖွဲ့သည်လည်းရှိသည်။ အချို့က တစ်လလျှင် တစ်ပုဒ်နှုန်းမဟုတ်ဘဲ လေးလလျှင် တစ်ပုဒ်နှုန်းဖြင့် ရေးဖွဲ့သည်လည်းရှိသည်။ အချို့မှာမူ ကဗျာတစ်ပုဒ်တည်းတွင် ၁၂ လလုံးပါအောင် ရေးဖွဲ့သည်လည်းရှိပါသည်။

ဖွဲ့ဆိုရာတွင်ပါဝင်သည့်အကြောင်းအရာများ

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ရေးဖွဲ့ရာတွင် မြန်မာ့ဓလေ့အရ ထည့်သွင်းဖွဲ့ဆိုသည့်အကြောင်းအရာများစွာရှိပါသည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများတွင် ရာသီပန်း၊ ရာသီပွဲတော်၊ ရာသီအခေါ်အဝေါ်များ၊ လအခေါ်အဝေါ်များ၊ ရာသီရုပ်အခေါ်အဝေါ်များ၊ စန်းယှဉ်နက္ခတ်များ၊ ရိုးရာဓလေ့နတ်ပွဲများ စသည်ဖြင့် ထည့်သွင်းဖွဲ့ဆိုကြပါသည်။ ဥပမာ ဆောင်ပြရလျှင် ဆယ့်နှစ်ရာသီတွင်ပွင့်သော ရာသီပန်းများအကြောင်းကို ကင်းဝန်မင်းကြီး ဦးကောင်းက-

> ❖ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ဆယ့်နှစ်ရာသီလုံး အပြည့်အစုံဆုံး ရာသီတစ်ပိုင်းတစ်စအရေးအဖွဲ့ပုံစံများကို အင်းဝခေတ်ဦးကာလကပင် တွေ့ရှိနေပြီဖြစ်သည်။ ရှင်အုန်းညိ၏ ဂါထာခြောက်ဆယ်ပျို့တွင် တပေါင်းလရာသီဘွဲ့များကို တွေ့မြင်ရမည်ဖြစ်သည်။ အခြား အင်းဝခေတ်ပေါ်ပျို့ကဗျာတွင်လည်း ဆယ့်နှစ်ရာသီဘွဲ့ကဗျာ၏ ရှေ့ပြေးဖြစ်သော ရာသီဘွဲ့ဆိုင်ရာများကို ကြိုးကြားကြိုးကြား တွေ့ရမည်ဖြစ်သည်။ ဆယ့်နှစ်လလုံးလုံးရေးဖွဲ့ထားသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာအပြည့်အစုံကို တောင်ငူခေတ်တွင် စတင်တွေ့ရှိရပါသည်။ တောင်ငူခေတ်၏ စာဆိုနဝဒေးကြီးက ဆယ့်နှစ်ရာသီဘွဲ့ရတုပိုဒ်စုံကို ရေးသားခဲ့သလို ဆယ့်နှစ်ရာသီဘွဲ့ လူးတားသုံးပိုဒ်ကိုလည်း ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို အစောဆုံး၊ အပြည့်စုံဆုံး စတင်တွေ့ရသည့်ခေတ်မှာ တောင်ငူခေတ်ဟု ဆိုရမည်ဖြစ်ပြီး အစောဆုံးရေးဖွဲ့ခဲ့သောစာဆိုမှာ နဝဒေးကြီးဟု ဆိုရပါမည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာထုတ်ဝေမှုသမိုင်းအကျဉ်း

စာဆိုတို့ရေးသားခဲ့သောဆယ့်နှစ်ရာသီဘွဲ့ကဗျာများသည် နယ်အသီးသီး၊ ဒေသအသီးသီးတို့တွင် ပေ၊ ပန်းကုံကော်၊ ရွှေစံကား
ငွေသားနှ၊ စပယ်မှန်
မြတ်လေးခတ္တာနှင့်
ရွှေရင်းမာ ကြာ ခဝဲ
ဖွဲ့စနှင်းလျှံ၊
သဇင်ကျန် ခွာတံနှင့် ပေါက်လဲ၊
ပွင့်ဝတ်မှုံ ရွှေဖီမင်း
သင်းထုံနံ့ကဲ။ ။ဟူ၍ လအလိုက်ပွင့်သော ရာသီပန်းများကို ထည့်သွင်းဖွဲ့ဆိုခဲ့ပါသည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာစတင်တွေ့ရှိရာခေတ်

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ဆယ့်နှစ်ရာသီလုံး အပြည့်အစုံဆုံး ရာသီတစ်ပိုင်းတစ်စ အရေးအဖွဲ့ပုံစံများကို အင်းဝခေတ်ဦးကာလကပင် တွေ့ရှိနေပြီဖြစ်သည်။ ရှင်အုန်းညိ၏ ဂါထာခြောက်ဆယ်ပျို့တွင် တပေါင်းလရာသီဘွဲ့များကို တွေ့မြင်ရမည်ဖြစ်သည်။ အခြားအင်းဝခေတ်ပေါ်ပျို့ကဗျာတွင်လည်း ဆယ့်နှစ်ရာသီဘွဲ့ကဗျာ၏ ရှေ့ပြေးဖြစ်သော ရာသီဘွဲ့ဆိုင်ရာများကို ကြိုးကြားကြိုးကြား တွေ့ရမည်ဖြစ်သည်။ ဆယ့်နှစ်လလုံးလုံးရေးဖွဲ့ထားသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာအပြည့်အစုံကို တောင်ငူခေတ်တွင် စတင်တွေ့ရှိရပါသည်။ တောင်ငူခေတ်၏ စာဆိုနဝဒေးကြီးက ဆယ့်နှစ်ရာသီဘွဲ့ရတုပိုဒ်စုံကို ရေးသားခဲ့သလို ဆယ့်နှစ်ရာသီဘွဲ့ လူးတားသုံးပိုဒ်ကိုလည်း ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို အစောဆုံး၊ အပြည့်စုံဆုံး စတင်တွေ့ရသည့်ခေတ်မှာ တောင်ငူခေတ်ဟု ဆိုရမည်ဖြစ်ပြီး အစောဆုံးရေးဖွဲ့ခဲ့သောစာဆိုမှာ နဝဒေးကြီးဟု ဆိုရပါမည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာထုတ်ဝေမှုသမိုင်းအကျဉ်း

စာဆိုတို့ရေးသားခဲ့သောဆယ့်နှစ်ရာသီဘွဲ့ကဗျာများသည် နယ်အသီးသီး၊ ဒေသအသီးသီးတို့တွင် ပေ၊ ပုရပိုက်မူဘာဝဖြင့် ပြန့်ကျဲလျက်ရှိခဲ့ပါသည်။ တစ်စုတစ်ဝေးတည်းဖြစ်အောင် စုစည်းနိုင်ခြင်းမရှိခဲ့ပေ။ ထိုသို့နေရာအနှံ့ပြန့်ကျဲနေသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို တိမ်မြုပ်နေခြင်း၊ ပျောက်ကွယ်ပျက်စီးသွားခြင်းမရှိစေရန် ပေ၊ ပုရပိုက်မူဘာဝများမှ စာအုပ်မူဘာဝရောက်အောင် စတင်ဖော်ထုတ်ခဲ့သူမှာမော်ဘီဆရာသိန်းဖြစ်သည်။ မော်ဘီဆရာသိန်းသည် ဟိုတစ်စသည်တစ်စ ပြန့်ကျဲနေသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ပထမဆုံးပုံနှိပ်ဖြန့်ဝေရန် သတိရခဲ့သူဖြစ်သလို ပထမဆုံးလည်း ပုံနှိပ်ဖြန့်ဝေခဲ့သူဖြစ်သည်။ မော်ဘီဆရာသိန်းသည် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို စုစည်း၍ ထုတ်ဝေခဲ့သောစာအုပ်များတွင် ဒုတိယမြောက် စာအုပ်မှာ ဆရာလှသမိန်စုစည်းပြုစုခဲ့သော "ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်" စာအုပ်ဖြစ်သည်။ ဟံသာဝတီ ပုံနှိပ်တိုက်က ၁၉၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အကြိုတူ နော်ဝင်းလူကောင်းစမ်ဆိုသည့် အတိုင်း ဆရာလှသမိန် စုစည်းထုတ်ဝေခဲ့သော "ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်"စာအုပ်တွင် ဆယ့်နှစ်ရာသီဘွဲ့ကဗျာပေါင်း ၂၈ စုံထိ စုစည်းနိုင်ခဲ့ပါသည်။ မြန်မာစာပေလောကတွင် မော်ဘီဆရာသိန်းထုတ်ဝေခဲ့သော "ဆယ့်နှစ်ရာသီဘွဲ့အမျိုးမျိုး" စာအုပ်ထက် ဆရာလှသမိန်၏ "ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်" စာအုပ်သည် သိသူများထင်ရှားခဲ့ပါသည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို တတိယမြောက် စုစည်းထုတ်ဝေခဲ့သူမှာ "ရေးဟောင်းစာပေသုတေသီ တစ်ဦး"ဖြစ်သည်။ ရေးဟောင်းစာပေသုတေသီ တစ်ဦးသည် "အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့ကဗျာများ"အမည်ဖြင့် ၁၉၇၇ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ သို့သော် ဤစာအုပ်သည် ပုံနှိပ်မှုဖြင့် စောင်ရေများစွာ ထုတ်ဝေခဲ့သည်မဟုတ်ဘဲ စာကူးစက်မှုဖြင့် စောင်ရေအနည်းငယ်သာ ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သိသူနည်းသလို စာအုပ်မှာလည်း တိမ်မြုပ်နေခဲ့သည်။ ဤစာအုပ်တွင် မော်ဘီဆရာသိန်းနှင့် ဆရာလှသမိန်တို့၏စာအုပ်တွင်မပါသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာ ၂၃ စုံထိပါရှိသည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို စတုတ္ထမြောက် ထုတ်ဝေခဲ့သောစာအုပ်မှာ ထွန်းရီ(ရေးဟောင်းသုတေသီ)၏ "ဆယ့်နှစ်ရာသီဘွဲ့ကဗျာပဒေသာ"စာအုပ်ဖြစ်သည်။ ဤစာအုပ်ကို မိဘဂုဏ်စာပေက ၂၀၁၄ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာစာအုပ်များတွင် နောက်ဆုံးထွက်ရှိထားသည့်စာအုပ်ဖြစ်သလို ဆယ့်နှစ်ရာသီဘွဲ့ကဗျာ အစုံရေ အများဆုံးပါရှိသောစာအုပ်ဖြစ်သည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာစုံရေ ၅၂ စုံထိပါရှိသောစာအုပ်ဖြစ်သည်။ ဆယ့်နှစ်ရာသီဘွဲ့စာအုပ်တွင် ပုဒ်ရေအများဆုံးစုစည်းထားနိုင်ခြင်းဖြစ်သည်။ ဤစာအုပ်နောက်တွင် ဤမျှစုံသော ဆယ့်နှစ်ရာသီဘွဲ့စာအုပ်ထွက်ပေါ်မလာသေးပေ။

အသစ်တွေ့ဆယ့်နှစ်ရာသီလူးတား

တစ်နေ့တွင် ပေ၊ ပုရပိုက်များကို လှန်လှောရင်း ပုရပိုက်တစ်ဆူကို ကြည့်မိပါသည်။ ပုရပိုက်တွင် "ဆဲးနှစ်ရာသီလူးဒါး ၁၂ ပုဒ်၊ ရှင်ဥတ္တမကျော် စပ်ဆိုတော်မူသည့် ရေလား၊ သပြေလား"ဟု ခေါင်းစဉ်ရေးထားပါသည်။ ဆယ့်နှစ်ရာသီလူးတားဟုဆိုသဖြင့် ဤပုရပိုက်ပါလူးတားသည် ပုံနှိပ်မှုများတွင် ပါဝင်ထားခြင်း ရှိ၊ မရှိရှာဖွေမိပါသည်။

ပုရပိုက်တွင်တွေ့ရသော ဆယ့်နှစ်ရာသီဘွဲ့ လူးတားသည် "ရွက်ညှာလေလိုက်၊ ညှာငိုက်ဘူးတန်" ဟူသောစကားဖြင့် အစချီထားသည်။ ဤလူးတားကို ပုံနှိပ်မှုများတွင် ရှာဖွေရာ မတွေ့ရှိရပေ။ ထို့ကြောင့် ဤဆယ့်နှစ်ရာသီလူးတားသည် ပုံနှိပ်မှုဖြင့်မရှိသေးသော အသစ်တွေ့လူးတား၊ အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့တစ်စောင်သာဖြစ်ပါသည်။

အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် တစ်ရာသီလျှင် တစ်ပိုဒ်နှုန်းဖြင့်ဖွဲ့ဆိုထားသည်။ အသစ်တွေ့ လူးတားကိုစာပေသုတေသီတို့ လေ့လာနိုင်ရန် ပထမပိုဒ်တန်ခူးလဘွဲ့ကို ပုရပိုက်မှကူးယူဖော်ပြလိုက်ပါသည်။

"ရွက်ညှာလေလိုက်၊ ညှာငိုက်ဘူးတန်၊ ဖြူဆန်အကြွ၊ ဆန်းစတက်သစ်ပုရစ်လေ။ တေဇောဓာတ်အိမ်၊ နွေဂိမ္ဗန္တ၊ တန်ကူးလဟု၊ မိဿရာသီ၊ နာရီညနေ့၊ မျှ၍ တူညီ၊ သုံးဆယ်စီတည်၊ အသဝနီကြယ်၊ နေနှင့်ဆွယ်လျက်၊ ညဉ့်ဝယ်စိတြ၊ သော်ဒါလနှင့်၊ လှဉ့်ကြမၚတ်၊ ကေဝဋ်တာရာ၊ ရှင်ပြိုင်လာသား၊ အတာသဘင်၊ သည်ပွဲတွင်ဌ၊ ကေရှင်ညွန့်လန်း၊ နှင်းရည်ဖြန်းသား၊ ဖော့ပန်းအတူ၊ ဖန်နန်းသူတို့၊ ဟန်ယူပြောင်းပြောင်း၊ ရွှေဖယောင်းသို့၊ မွေးပေါင်းနန့်သာ၊ စမ္ဘာရည်ဖျော်၊ ကန့်ဂေါ်ရင်ကပ်၊ ပွင့်ဝတ်မှိုင်ခြေ၊ တောင်လေညှင်းညှင်း၊ ရစ်လာသွင်းသား၊ ရင်တွင်းဇြိမ့်လေး၊ စိမ့်ရုံ၏။ ငယ်သွေးလဲ့ဖြာ၊ မောင်နှင့်သာလျှင်၊ မေတ္တာမယျက်၊ လွန်းကြင်ဌက်သို့၊ သံမြွှတ်မွှေးကြိုင်၊ ကူရွှေလှိုင်တွင်၊ တူပြိုင်ဆုတောင်း၊ ညောင်ရေလောင်းသည်၊ မွှေးပေါင်းနန့်သာဆီနှင့်လေ။ ။ စက်နေတည့်နှစ်သိမ်းငါးထောင်ကိန်း၊ တြိန်းသွားအမှန်၊ ဂိမ္ဗာန်တည့်တံကူးသာဆန်းထူး၊ နှစ်ဦးမိဿခွင်၊ သဘင်တည့်ပြော်မြဲအတာပွဲ။ မိဿာရာသီဘွဲ့။

နိုင်ငံအနှံ့ပြန့်ကျဲနေသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကိုပြည့်စုံစုံလင်အောင် တစ်ဦးတစ်ယောက်တည်း စုစည်းရန်မလွယ်ကူပါ စာပေပညာရှင်၊ စာပေဝါသနာရှင်များက ဝိုင်းဝန်းစုဆောင်းကြရန်လိုပါသည်။ ထိုသို့စုဆောင်းပြီး ပြည့်စုံသောဆယ့်နှစ်ရာသီဘွဲ့ ကဗျာပေါင်းချုပ်ကျမ်းကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းသင့်ပါသည်။

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ကသာ ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၉၀ နှင့် ဖူးစားပြောင်း ဧက ၃၁၉၀ စုစုပေါင်း ဧက ၃၃၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၉၃ ဧကနှင့် ဖူးစားပြောင်း ၃၈၉၅ ဧက စုစုပေါင်း ၄၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ကသာမြို့နယ်တွင် ပြောင်းသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

ပုဗ္ဗသီရိမြို့နယ် သူဌေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပုဇွန်ဆိပ်ကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်း အရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သူဌေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ဦးကို ငွေကျပ် ၄၁၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၇၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၁ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၇၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။

နော်လူး

ပြည်သူတွေပါဝင်နဲ့တဲ့ ပြည်သူ့အောင်ပွဲ

- ပြည်သူတို့ ပျော်ပျော်ရွှင်
  မဲရုံတွင် မဲပေးလို့၊
  ဒီမိုကရေစီ ပန်းတိုင်လမ်း
  အရောက်လှမ်းစို့။

- မြန်မာ့သမိုင်း မော်ကွန်းတင်
  အောင်မြင်တဲ့ ရွေးကောက်ပွဲ၊
  ကိုယ့်နိုင်ငံ ကိုယ့်အရေးမို့
  အားပေးဆင်နွဲ။

- တိုးတက်လို့ ခေတ်မီစွာ
  ပြည်မြန်မာ ဖွံ့ဖြိုးရေး၊
  သင့်တော်သူ စိတ်ကြိုက်ရွေးလို့
  မဲပေးတယ်လေး။

- အရည်အချင်းနှင့် အတွေးအခေါ်
  ကောင်းကျိုးဖော် ကိုယ်စားလှယ်များ၊
  နိုင်ငံအပေါ် သစ္စာတရား
  ထားရှိစေသား။

- နိုင်ငံတော်ရဲ့ အချုပ်အခြာ
  မြဲခိုင်မာ တည်တံ့ရေး၊
  တရားဥပဒေ စိုးမိုးမှု
  ပြု ဆောင်ရွက်ပေး။

- ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ
  ဆင်နွဲတဲ့ သည်ချိန်ခါ၊
  ပြည်သူတွေ လွန်အားခဲ
  မဲပေးခဲ့တာ၊
  မျှော်လင့်ချက် ဆိုသည်မှာ
  သာယာရွှေပြည် မျှော်ရည်မှန်းလို့၊
  ပြည်သူတွေ လူမှုစီးပွား
  မြင့်မားစေဖို့။

- ရွေးကောက်ပွဲ အပိုင်း(၃)
  ရွှင်ပြုံးလို့ ပါဝင်မယ်၊
  နိုင်ငံသား အခွင့်အရေး
  မဲပေးလို့ရယ်၊
  ဦးနှောက်နှင့် တို့ရွေးချယ်
  ကမ္ဘာ့ဝယ် မြန်မာတို့ဝင့်ကြွား၊
  စည်းလုံးညီညာ ပြည့်ဂုဏ်ဖြိုးအောင်
  ကြိုးစားလို့ထား။

- အားလုံးသည် နိုင်ငံအတွက်
  မပျက်ကွက် ပါဝင်တာ၊
  ဒီမိုကရေစီ ရှင်သန်ရေးက
  မဲပေးခြင်းပါ၊
  လွတ်လပ်၍ မျှတစွာ
  ဂုဏ်သိက္ခာ အစဉ်အမြဲ၊
  ပြည်သူတွေ ပါဝင်နွဲတဲ့
  ပြည်သူ့အောင်ပွဲ။ ။

မန္တလာကိုကိုဝင်း

နိုင်ငံတကာ သတင်းများ

ဘယ်လာရုစ်သမ္မတ လူကာရှန်ကို ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ ပါဝင်မည်

မင့်စ် ဇန်နဝါရီ ၂၁

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကို ပါဝင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆိုင်ရာ သဘောတူညီချက်ကို သမ္မတ လူကာရှန်ကိုက ဇန်နဝါရီ ၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဘယ်လာရုစ်သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ ဘယ်လာရုစ်သမ္မတ ပါဝင်လာမှုသည် အမေရိကန်နိုင်ငံနှင့် ဘယ်လာရုစ်တို့အကြား ဆက်ဆံရေးနီးစပ်လာမှုကို ပြသလျက်ရှိသည်။

ဘယ်လာရုစ်နိုင်ငံသည် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်အတွက် အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကို နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရသည်။

သို့ရာတွင် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် ပြီးခဲ့သည့်နှစ်အတွင်း ဘယ်လာရုစ်နိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို လျှော့ချပေးခဲ့ပြီး ဘယ်လာရုစ် အစိုးရကလည်း အပြန်အလှန်အနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးခဲ့သည်။

အမေရိကန်အစိုးရသည် သမ္မတ ဒေါနယ်ထရမ့် ဦးဆောင်သော ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် ရုရှားသမ္မတ ပူတင်ကိုလည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

ဒါးဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်တက်ရောက်မည့်အစီအစဉ် ကုလသမဂ္ဂအကြီးအကဲ ဖျက်သိမ်းထား

နယူးယောက် ဇန်နဝါရီ ၂၁

ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်တောင်ပေါ် အပန်းဖြေစခန်းမြို့၌ ကျင်းပနေသည့် ဒါးဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ် တက်ရောက်မည့် အစီအစဉ်ကိုကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဖျက်သိမ်းထားသည်ဟု ဇန်နဝါရီ ၂၀ ရက် သတင်းများတွင် ရေးသားတင်ပြထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် မူလက ယနေ့တွင် ဒါးဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အထူးမိန့်ခွန်းတစ်ရပ် ပြောကြားရန်စီစဉ်ထားသည်။

သို့ရာတွင် ကုလသမဂ္ဂအကြီးအကဲအနေဖြင့် ဖျားနာနေမှုကြောင့် ဒါးဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ် တက်ရောက်ရေးအစီအစဉ်ကို ဖျက်သိမ်းထားကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် လက်ရှိတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အနီး ရောက်ရှိနေသော်လည်း ကျန်းမာရေးပြဿနာကြောင့် ဒါးဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်နိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ယနေ့တွင် နယူးယောက်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်ကြောင်း သိရသည်။

ဒါးဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အမေရိကန်သမ္မတ ဒေါနယ်ထရမ့် အပါအဝင် ကမ္ဘာ့ခေါင်းဆောင်အများအပြားလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

လန်ဒန်၌ တရုတ်သံရုံးသစ်တည်ဆောက်ရေးအစီအစဉ် ဗြိတိန်အစိုးရ သဘောတူခွင့်ပြု

လန်ဒန် ဇန်နဝါရီ ၂၁

လန်ဒန်မြို့၌ တရုတ်နိုင်ငံကို သံရုံးသစ် တည်ဆောက်ခွင့်ပြုပေးရန် ဗြိတိန်အစိုးရက ဇန်နဝါရီ ၂၀ ရက်တွင် သဘောတူခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လန်ဒန်မြို့မှ သက်တမ်းနှစ် ၂၀၀ ရှိ ဘုရင့်ဒဂါးသွန်းရုံ တည်ရှိရာနေရာ၌ ဗြိတိန်ဆိုင်ရာ တရုတ်သံရုံးသစ်ကို တည်ဆောက်ရန် စီစဉ်ထားသည်။

အဆိုပါသံရုံးသစ်သည် ဗြိတိန်အမျိုးသား လုံခြုံရေးအတွက် ပြဿနာ ဖြစ်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံရေးသမားများက သတိပေးထားသည့်တိုင် တရုတ်နိုင်ငံ၏ သံရုံးသစ်တည်ဆောက်ရေး အစီအစဉ်ကို ဗြိတိန်အစိုးရက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် သံရုံးသစ်တည်ဆောက်ရေးအတွက် ဘုရင့်ဒဂါးသွန်းရုံ အဆောက်အအုံကို ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၂ သန်းဖြင့် ဝယ်ယူထားသည်။

သို့ရာတွင် ဘုရင့်ဒဂါးသွန်းရုံ တည်ရှိရာနေရာမှ နယ်ခံများ၏ ကန့်ကွက်မှု၊ ဗြိတိန်လွှတ်တော် အမတ်များ၏ ကန့်ကွက်မှုတို့ကြောင့် တည်ဆောက်ရေး အစီအစဉ်များကို ဆိုင်းငံ့ထားရသည်။

တည်ဆောက်ရေး လုပ်ငန်းပြီးစီးခဲ့ပါက အကျယ်အဝန်း စတုရန်းမီတာ ၂၀၀၀၀ ရှိသည့် အဆိုပါသံရုံးသစ်သည် ဥရောပ၌ တရုတ်နိုင်ငံ၏ အကြီးမားဆုံး သံရုံး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

စပိန်ခရီးသည်တင်ရထား လမ်းချော်မှုဖြစ်ပွား စက်ခေါင်းမောင်းသူသေဆုံး၊ လူ ၃၇ ဦး ဒဏ်ရာရ

ဘာစီလိုနာ ဇန်နဝါရီ ၂၁

စပိန်နိုင်ငံ ဘာစီလိုနာမြို့အနီး ဇန်နဝါရီ ၂၀ ရက်က ရထားလမ်းပေါ်ပြိုကျနေသော အုတ်တံတိုင်းအပျက်အစီးပုံကို ဝင်တိုက်ခဲ့ပြီးနောက် ခရီးသည်တင်ရထားတစ်စီး လမ်းချော်ခဲ့ရာ စက်ခေါင်းမောင်းသူတစ်ဦးသေဆုံးပြီး လူ ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘာစီလိုနာမြို့ အနောက်ဘက် ၂၅ မိုင်ခန့်အကွာ ဂျီလီဒါဒေသ၌ ဖြစ်ပွားခဲ့သော ရထားမတော်တဆမှုအတွင်း သေဆုံးခဲ့သူမှာ စက်ခေါင်းမောင်းသူဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါရထားသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားလမ်းပေါ်ပြိုကျခဲ့သည့် လမ်းထိန်းအုတ်နံရံ အပျက်အစီးပုံကို ဝင်တိုက်ခဲ့ပြီးနောက် လမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း စပိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စပိန်နိုင်ငံတောင်ပိုင်း ကော်ဒိုဗာပြည်နယ်၌ လူ ၄၂ ဦးသေဆုံးခဲ့သော အမြန်ရထားနှစ်စီး ဝင်တိုက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး နှစ်ရက်အကြာတွင် ဘာစီလိုနာမြို့အနီး၌ ရထားမတော်တဆမှု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက် ရထားမတော်တဆမှုတွင် ခရီးသည် ၃၇ ဦး ဒဏ်ရာရရှိခဲ့ပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အမြန်ရထားနှစ်စီး လမ်းချော်မှုတွင် လူဦးရေ ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးကို လုပ်ကြံမှုကျူးလွန်သူကို ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်

တိုကျို ဇန်နဝါရီ ၂၁

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးကို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သောအမျိုးသားကို ဂျပန်တရားရုံးတစ်ရုံးက ယနေ့တွင် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အသက် ၄၅ နှစ်ရှိ တီဆူယာ ယာမာဂါမီသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံ အနောက်ပိုင်းနာရာမြို့၌ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးကို လက်လုပ်သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သည်။

အဆိုပါ တိုက်ခိုက်လုပ်ကြံမှုကြောင့် ဂျပန်ပြည်သူများ အံ့သြတုန်လှုပ်ခဲ့ကြပြီး ဂျပန်နိုင်ငံရေးလောကတစ်ခုလုံးလည်း လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်။

ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေး လုပ်ကြံခံရမှုသည် ဂျပန်နိုင်ငံအတွက် စစ်လွန်ခေတ် သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး ပြစ်မှုတစ်ခုဖြစ်ရာ ကျူးလွန်သူ ယာမာဂါမီကို ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း နာရာမြို့ ခရိုင်တရားရုံး၏ ယနေ့ စီရင်ချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးကို လုပ်ကြံသတ်ဖြတ်မှုအတွက် အပြစ်ရှိကြောင်း ယာမာဂါမီက ပြီးခဲ့သည့်နှစ် အောက်တိုဘာလ အတွင်း တရားရုံး၌ ဝန်ခံထားပြီးဖြစ်သည်။

လုပ်ကြံခံရချိန်တွင် အသက် ၆၇ နှစ်ရှိပြီဖြစ်သော ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ ရာထူးသက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်ဖြစ်ပြီး ဝန်ကြီးချုပ်ရာထူးကို ၃၁၈၈ ရက်ထိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို စပေ့အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

ဝါရှင်တန် ဧန်နဝါရီ ၂၁

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ် အာကာသနည်းပညာ ကုမ္ပဏီသည် ဧန်နဝါရီ ၂၀ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၉ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး မိနစ် ၆၀ ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင် အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် ဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၉၅၀၀ ကျော်ထိ ရှိလာပြီဖြစ်သည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော အဌမမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ရှန်ကျီး-၂၀ အာကာသလူသယ်ယာဉ်က အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိဘဲ တုန်ဖန်းအာကာသယာဉ်ဆင်းသက်ရေးနယ်မြေ၌ ပြန်လည်ဆင်းသက်ခဲ့

ပေကျင်း ဧန်နဝါရီ ၂၁

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ရှန်ကျီး-၂၀ အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိဘဲ အတွင်းမွန်ဂိုလီးယားဒေသ တုန်ဖန်းအာကာသယာဉ် ဆင်းသက်ရေးနယ်မြေ၌ ဧန်နဝါရီ ၂၀ ရက်တွင် ပြန်လည် ဆင်းသက်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားသည့် ရှန်ကျီး-၂၀ အာကာသ လူသယ်ယာဉ်ကို ၂၀၂၅ ခုနှစ် ဧပြီလတွင် တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီးနောက် ရှန်ကျီး-၂၀ အာကာသလူသယ်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အာကာသအမှိုက် ဝင်တိုက်ခဲ့ဖွယ်ရှိခြင်းကြောင့် ရှန်ကျီး-၂၀ အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါမည့်ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ရပြီး တီယန်ကောင်းအာကာသစခန်း၌ ဆက်လက် ဆိုက်ကပ်နေခဲ့ရကြောင်း သိရသည်။

ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ပြီးနောက် ကျွမ်းကျင်သူများကစစ်ဆေးခဲ့ကြရာ ရှန်ကျီး-၂၀ အာကာသလူသယ်ယာဉ်၏ အခြေအနေမှာ ပုံမှန်တွင်ရှိပြီး ယာဉ်အတွင်းပိုင်း စနစ်များမှာလည်း အခြေအနေကောင်းမွန်ကြောင်း သိရသည်။

ရှန်ကျီး-၂၀ အာကာသလူသယ်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းမှ ဧန်နဝါရီ ၂၀ ရက်တွင် ထွက်ခွာခဲ့ပြီး ထိုနေ့မှာပင် ကမ္ဘာပေါ်သို့ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

လကမ္ဘာပေါ်၌ အချိန်ကာလ သတ်မှတ်ပိုင်းခြားပေးမည့် ဆော့ဖ်ဝဲတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များ ဖန်တီးထား

ပေကျင်း ဧန်နဝါရီ ၂၁

လကမ္ဘာပေါ်၌ အချိန်ကာလ သတ်မှတ်ပိုင်းခြားပေးမည့် ဆော့ဖ်ဝဲတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း ဧန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

LTE 440 အမည်ရှိ အဆိုပါ ဆော့ဖ်ဝဲသည် လကမ္ဘာအချိန်ကာလကိုသတ်မှတ်ပေးမည့် ကမ္ဘာ့ပထမဆုံး ဆော့ဖ်ဝဲဖြစ်ကြောင်း သိရသည်။

LTE 440 ဆော့ဖ်ဝဲသည် အနာဂတ် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များကို အစီအစဉ်ရေးဆွဲရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး လနှင့် ကမ္ဘာကြား အချိန်ကာလကွာဟမှု ပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ လကမ္ဘာ၏ အချိန်ကာလသည် ကမ္ဘာမြေအချိန်ကာလထက် တစ်ရက်လျှင် ၅၈ ဒသမ ၇ မိုက်ခရိုစက္ကန့် ပိုမြန်နေတတ်ကြောင်း သိရသည်။

အထက်ပါအချိန်ကာလကွာဟချက်မှာ မသိသာသေးလည်း လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်များဆင်းသက်ရာတွင် ပြဿနာရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာ၏ ဒြပ်ဆွဲအားမှာ ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားထက် ပိုနည်းပါးမှုကြောင့် လပေါ်တွင် အချိန်ကာလ ပို၍မြန်ဆန်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

DNA သွေးစစ်နည်းဖြင့် ရင်သားကင်ဆာအတွက် အကောင်းဆုံးကုထုံးကို ဖော်ထုတ်ပေးနိုင်

လန်ဒန် ဧန်နဝါရီ ၂၁

မျိုးဗီဇအခြေခံ မော်လီကျူး (DNA)သွေးစစ်နည်းတစ်မျိုးဖြင့် ရင်သားကင်ဆာလူနာများအတွက် အကောင်းဆုံးကုထုံးကို ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဧန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

နှစ်စဉ် ကမ္ဘာ့ပြည်သူနှစ်သန်းကျော်ခံစားနေကြရသည့် ရင်သားကင်ဆာရောဂါသည် ကမ္ဘာပေါ်၌ အဖြစ်အများဆုံး ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ရင်သားကင်ဆာရောဂါကုထုံးအများအပြား ပေါ်ထွက်လာသော်လည်း မည်သည့်ကုထုံးမှာ လူနာနှင့် အကိုက်ညီဆုံးဖြစ်သည်ကို ခွဲခြားရခက်ခဲနေဆဲဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကင်ဆာသုတေသနအင်စတီကျူမှ သုတေသနပညာရှင်များ ဖန်တီးထားသော DNA သွေးစစ်နည်းသည် ရင်သားကင်ဆာ လူနာများနှင့် အကိုက်ညီဆုံးကုထုံးများကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ DNA သွေးစစ်နည်းသည် ရင်သားကင်ဆာလူနာများ၏ သွေးအတွင်းကင်ဆာဆဲလ်များက ထုတ်လွှတ်တတ်သော Ct DNA ခေါ် DNA တစ်မျိုးကိုလေ့လာဆန်းစစ်ခြင်းဖြင့် လူနာများနှင့် အကိုက်ညီဆုံးကုထုံးကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

လက်ရှိတွင် သုတေသနပညာရှင်များသည် အထက်ပါ DNAသွေးစစ်နည်းကို ရင်သားကင်ဆာလူနာ ၁၆၇ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ကိုရီးယားလူမျိုးတို့၏ ကင်ချီမုန့်ညင်းချဉ်က လူ့ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်

ဆိုးလ် ဧန်နဝါရီ ၂၁

ကိုရီးယားလူမျိုးတို့၏ ကင်ချီမုန့်ညင်းချဉ်သည် လူ့ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဧန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကင်ချီကို နေ့စဉ်စားသုံးပါက လူ့ခုခံအားစနစ်၏ ပြင်ပအန္တရာယ်များကို ဖော်ထုတ်တုံ့ပြန်နိုင်စွမ်းမြင့်မားလာသည်ကို တွေ့ရကြောင်း သိရသည်။

သီတင်း ၁၂ ပတ် ကြာမြင့်ခဲ့သည့် စမ်းသပ်မှုအတွင်း တောင်ကိုရီးယား သုတေသနပညာရှင်များသည် စမ်းသပ်မှု၌ပါဝင်သူများကို ကင်ချီများ ပုံမှန်ကျွေးမွေး၍ လူ့ခုခံအားစနစ်ဆဲလ်များ၏ တုံ့ပြန်မှုကို စောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သူများ၏ လူ့ခုခံအားစနစ်မှာ ပြင်ပရောဂါပိုးများကို ဖော်ထုတ်နိုင်စွမ်းနှင့် ရောင်ရမ်းမှုထိန်းချုပ်နိုင်စွမ်းများ ပိုကောင်းလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကင်ချီစားသုံးမှု၏ ခုခံအားစနစ်အပေါ် အကျိုးသက်ရောက်မှုများမှာ ကင်ချီကို အချဉ်တည်သည့် နည်းလမ်းနှင့် အဓိကသက်ဆိုင်နေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကင်ချီစားသုံးမှုသည် ခုခံအားစနစ်၏ တုံ့ပြန်မှုများကိုလည်း ထိန်းညှိပေးနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့များ အဖွင့်ပွဲစဉ်များကို စတင်ယှဉ်ပြိုင်

နေပြည်တော် ဧန်နဝါရီ ၂၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံ နာခွန်ရစ်ချာဆီးမား (ခိုရတ်)မြို့ရှိ Majesty the King's 80th Birthday Anniversary Commemorative Stadium ၌ကျင်းပခဲ့ပြီး ယနေ့တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့များအနေဖြင့် အဖွင့်ပွဲစဉ်များ စတင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင်ထိုင်းနိုင်ငံက ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေကြပြီး အာဆီယံနိုင်ငံများမှ ပြိုင်ပွဲဝင် အားကစားအဖွဲ့များက ကွင်းအတွင်း သို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် Asean Para Sports Federation(APSF)ဥက္ကဋ္ဌ Board of Governor(BoG)အတွင်းရေးမှူး Major General Osoth Bhavilai နှင့် Sports Authority of Thailand (SAT)ဥက္ကဋ္ဌ Dr.Kongsak Yodmanee တို့က အဖွင့်မိန့်ခွန်းပြောကြားပြီး ထိုင်းနိုင်ငံဘုရင်ကိုယ်စား Prince Chalermsuk က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြား၍ ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် ထိုင်းနိုင်ငံ အလံ၊ Asean ParaSports Federation (APSF)အလံ၊ Asean Para Games အလံတို့ကိုလွှင့်တင်ခဲ့ပြီး အားကစားသမားများနှင့် ဒိုင်လူကြီးများက ကတိသစ္စာ ရွတ်ဆိုကြပြီးနောက် အိမ်ရှင်ထိုင်းနိုင်ငံမှ နိုင်ငံဂုဏ်ဆောင် ရွှေတံဆိပ်ဆုရခဲ့ကြသည့် မသန်စွမ်းအားကစားသမားများက မီးရှူးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်၍ ထွန်းညှိခဲ့ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရှုပ်သိမ်းခဲ့သည်။

ယနေ့တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့များ အနေဖြင့် အဖွင့်ပွဲစဉ်များအဖြစ် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ သေနတ်ပစ်ပြိုင်ပွဲ၊ ဂိုးလ်ဘောပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ဘိုစီယာပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲတို့တွင် စတင်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။ **STA**

၂၀၂၆ အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စု(B)တွင် ကျရောက်

ရန်ကုန် ဧန်နဝါရီ ၂၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အမျိုးသမီး ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုကို ယနေ့တွင် ထိုင်းနိုင်ငံ ၌ပြုလုပ်ခဲ့ရာ မြန်မာအမျိုးသမီး အသင်းသည် အုပ်စု(B)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

၂၀၂၆ အမျိုးသမီး ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို အာဆီယံ ဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းအပြင် သြစတြေးလျ အသင်းလည်း ပါဝင်ကစားမည် ဖြစ်ကာ သုံးသင်းပါ တစ်အုပ်စု၊ လေးသင်းပါ တစ်အုပ်စုဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၂၆ အမျိုးသမီး ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ မဲခွဲမှုအပြီး အုပ်စု(A)တွင် အိမ်ရှင်ထိုင်းအသင်း၊ မလေးရှားအသင်း၊ အင်ဒိုနီးရှားအသင်း၊ အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ မြန်မာအသင်း၊ ဖိလစ်ပိုင်အသင်း၊ သြစတြေးလျအသင်းတို့ ကျရောက်ခဲ့ကြသည်။

၂၀၂၆ အမျိုးသမီးဖူဆယ်ချန်ပီယံ ရှစ်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ်၂ ရက်ထိ ထိုင်းနိုင်ငံတွင် ကျင်းပမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၂၆ အမျိုးသမီး ဖူဆယ်ချန်ပီယံ ရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယနေ့မှစတင်ပြီး ရန်ကုန်မြို့တွင် ပဏာမကစားသမား ၃၂ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။ **STA**

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အယ်ကာရက်ဇ်က ဟန့်ဖ်မန်းကို အနိုင်ရ

မဲလ်ဘုန်း ဧန်နဝါရီ ၂၁

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဂျာမနီတင်းနစ်ကစားသမားဟန့်ဖ်မန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၇-၆ ၊ ၆-၃ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အယ်ကာရက်ဇ်သည် ချန်ပီယံဆုကို ဆွတ်ခူးရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေပြီး ၎င်းအနေဖြင့် ပထမပွဲ ယယ်၌သာ ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရကာ တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အသက် ၂၂ နှစ်အရွယ် အယ်ကာရက်ဇ်သည် ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ချန်ပီယံ လက်စွမ်းမျိုးပြသခဲ့သည်။

အယ်ကာရက်ဇ်က "ဒီပွဲစဉ်မှာ ကျွန်တော့်အနေနဲ့ အကောင်းဆုံး ကစားနိုင်မယ်လို့ ကြိုတွေးပြီးသားပါ။ တကယ်တမ်းမှာလဲ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ပထမပွဲငယ်မှာသာ ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်မှာတော့ အဆင်ပြေပြေ ကစားခဲ့ပါတယ်။ ဟန့်ဖ်မန်းရဲ့ လယ်ဗယ်ကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ ဒါ့ကြောင့် ဒီပွဲအတွက် ကျွန်တော် အများကြီး ပြင်ဆင်ခဲ့တယ်။ ပြင်ဆင်ခဲ့တဲ့အတိုင်း ကစားနိုင်ခဲ့လို့လဲ ဝမ်းသာပါတယ်။ နောက်အဆင့်တွေမှာ အခုထက်ပိုကောင်းအောင် ကစားနိုင်ဖို့ အကောင်းဆုံး ပြင်ဆင်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : TSN**

Trs : AZL

မန်စီးတီးအသင်းတောင်ပံကစားသမား ဘော့ဘ်ကို ခေါ်ယူရန် ဖူလ်ဟမ်အသင်း ဆွေးနွေးနေ

လန်ဒန် ဧန်နဝါရီ ၂၁

ဖူလ်ဟမ်အသင်းသည် မန်စီးတီးအသင်းမှ တောင်ပံကစားသမား ဘော့ဘ်ကိုခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၂ နှစ်ရှိတောင်ပံကစားသမားဘော့ဘ်သည် မန်စီးတီးအသင်း လူငယ်ကစားသမားဘဝမှ ၂၀၂၃- ၂၀၂၄ ဘောလုံးရာသီတွင် အသင်းကြီးအတွက် ပါဝင်ကစားခဲ့ပြီး လက်ရှိတွင် အသင်းအတွက် ၄၇ ပွဲ ပါဝင်ကစားခဲ့ကာ သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ် ပြုလုပ်ထားသည့်အပြင် နော်ဝေလက်ရွေးစင် အသင်းအတွက် ခြောက်ပွဲ ပါဝင်ကစားထားကာ ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင်ခွင့်အတွက် စွမ်းဆောင်ပေးထားသူဖြစ်သည်။

သို့သော် ဘော့ဘ်သည် ဒီဇင်ဘာ ၁၇ ရက်က ဘရန့်ဖို့ဒ်အသင်းနှင့် ကစားခဲ့သည့် ကွာရာဘောင်း ဖလားပွဲစဉ်တွင် ပွဲချိန် ၁၇ မိနစ်၌ ဒဏ်ရာရရှိခဲ့သောကြောင့် လူစားလဲလှယ်ခဲ့ရပြီး ဘိုဒိုဂလင့်အသင်းနှင့် ချန်ပီယံလီဂ်ပွဲစဉ်တွင်လည်း အသင်း ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ထို့ပြင် မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ဘုန်းမောက် အသင်းကစားသမား ဆီမီညိုကို စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် ဘော့ဘ်၏ မန်စီးတီးအသင်း ကစားသမား ဘဝအနာဂတ်မှာ မရေမရာဖြစ်လာခဲ့သည်။

လက်ရှိတွင် ဖူလ်ဟမ်အသင်းအနေဖြင့်လည်း ဘော့ဘ်ကို ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး မန်စီးတီးအသင်းကလည်း ၎င်းကို အငှားချခြင်း သို့မဟုတ် အပြီးသတ် ရောင်းချခြင်းများ လုပ်ဆောင်ရန် စီစဉ်နေကြောင်း သိရသည်။

Ref : Espn

Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ ဘိုဒိုဂလင့်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပွဲစဉ်အပြီးတွင် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက အသင်းပရိသတ်များကို တောင်းပန်စကားပြောကြားခဲ့ကြောင်း သိရသည်။
- ❑ အဲဗာတန်အသင်း တောင်ပံကစားသမား ဂရီးလစ်ချ် ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရနိုင်ကြောင်း အသင်းနည်းပြမိုယက်က ပြောကြားခဲ့သည်။
- ❑ လီဗာပူးလ်အသင်းနည်းပြဟောင်း ကလော့အနေဖြင့် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ရန် စိတ်ဝင်စားနေကြောင်း ပြောကြားခဲ့သည်။
- ❑ ဘာစီလိုနာအသင်းဂိုးသမား တာစတီဂျန်ကို ဂျီရိုနာအသင်းက ယခုနှစ် ဘောလုံးရာကုန်ထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။ **ML**

ချီလီနိုင်ငံ တောင်အလယ်ပိုင်းဒေသများတွင် လောင်ကျွမ်းနေသော တောမီးများကြောင့် သေဆုံးသူဦးရေ ၂၀ ကျော်ထိရှိလာ

ဆန်တီယာဂို ဇန်နဝါရီ ၂၁

ချီလီနိုင်ငံ တောင်အလယ်ပိုင်းဒေသများတွင် လောင်ကျွမ်းနေသော တောမီးများကြောင့် ယနေ့တွင် သေဆုံးသူဦးရေ ၂၀ ကျော်ထိရှိလာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တောမီးကြောင့် လူနေအိမ်ခြေပျက်စီးမှုအရေအတွက်မှာ ၁၀၀၀ ကျော်ထိရှိလာကြောင်း၊ မီးသတ်တပ်ဖွဲ့များနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို နေရာအနှံ့ ပို့ဆောင်ထားပြီး လေကြောင်းမှလည်း မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လက်ရှိအချိန်ထိ သေဆုံးသူဦးရေ ၂၀ ကျော်ရှိလာပါပြီ။ မီးလောင်မှုအခြေအနေ မတည်ငြိမ်သေးတဲ့အပြင် ဆက်လက်ပြင်းထန်နေတာကြောင့် သေဆုံးသူ အရေအတွက် ပိုမိုတိုးလာနိုင်ပါတယ်"ဟု ချီလီနိုင်ငံသမ္မတ ဂါဘရီယယ် ဘိုရစ်က ပြောကြားခဲ့သည်။

အာဏာပိုင်များက တောမီးကြောင့် Penco၊ Nacimiento နှင့် Laja မြို့နယ်များတွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားပြီး မီးအလွန်ပြင်းထန်စွာ လောင်ကျွမ်းခဲ့သည့် Lirquen ဒေသတွင်လည်း ညမထွက်ရအမိန့်ကို ယနေ့ထိ ဆက်လက် ချမှတ်ထားကြောင်း သိရသည်။

အမျိုးသားသစ်တော ကော်ပိုရေးရှင်း၏ ထုတ်ပြန်ချက်အရ လက်ရှိအချိန်တွင် ချီလီနိုင်ငံ တစ်ဝန်း တောမီးလောင်ကျွမ်းမှု နေရာ ၂၀ ခန့်ရှိခဲ့ကြောင်း၊ သစ်တော ဧရိယာ ဟက်တာ ၂၄၀၀၀ ကျော် လောင်ကျွမ်းခဲ့ကာ သစ်တော ဧရိယာအပျက်စီးဆုံး ဒေသမှာ Concepcion ဒေသဖြစ်ပြီး ဧရိယာအားဖြင့် ဟက်တာ ၁၀၆၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ဘူနိုးရှားနိုင်ငံ တူးနစ်ဒေသတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အများအပြားရှိနေ

တူးနစ် ဇန်နဝါရီ ၂၁

တူနီးရှားနိုင်ငံ တူးနစ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခံရသူများပြားနေကြောင်း တူနီးရှား အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့ အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပြီး စာသင်ကျောင်းတချို့ကိုလည်း ယာယီပိတ်ထားကြောင်း၊ တူးနစ်ဒေသအပြင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများမှာ နာဘူဒေသ၊ ဆွာဆီဒေသနှင့် ဘီဂျာဒေသတို့ဖြစ်ကြောင်း၊ ၎င်းဒေသများတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍများကို ယာယီရပ်ဆိုင်းထားသကဲ့သို့ ကိုယ်ပိုင် မော်တော်ယာဉ်များ အသုံးပြုခြင်းကို ယာယီတားမြစ်ထားကြောင်း တူနီးရှားအရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"တူးနစ်ဒေသမှာ မိုးရွာသွန်းပြီး မိုးရေချိန်အမြင့်မားဆုံးအခြေအနေနဲ့ရင်ဆိုင်နေရပါတယ်။ တူးနစ်ဒေသအပြင် နာဘူဒေသ၊ ဆွာဆီဒေသနဲ့ ဘီဂျာဒေသတို့မှာလဲ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းတွေကိုလဲ ပိတ်ထားရပြီး ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ လေးဦးထက်မနည်း ရှိနေပါတယ်"ဟု တူနီးရှားအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

နယူးဇီလန်နိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေ

ဝယ်လင်တန် ဇန်နဝါရီ ၂၁

နယူးဇီလန်နိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း အရေးပေါ် စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ပျောက်ဆုံးနေသူများကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ ရေတိုက်စားမှုကြောင့် မြေပြိုကျမှုများလည်းဖြစ်ပေါ်နေသည့်အတွက် အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသော ဧရိယာအတွင်းနေထိုင်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြားထားကြောင်း၊ လမ်းပိုင်းတချို့ ပျက်စီးမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားပြီး မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်း မပြုရန် တင်းကြပ်စွာ တားမြစ်ကြောင်း နယူးဇီလန် သယ်ယူပို့ဆောင်ရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"အိုကူရာမြို့ အပါအဝင် မြောက်ဘက်ပိုင်း ဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုနဲ့ အတူ လေပြင်းတိုက်ခတ်တာတွေ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့သလို ရေတိုက်စားမှုတို့ကြောင့်လဲ လမ်းမကြီးတချို့ပျက်စီးခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေက ပျောက်ဆုံးနေသူတွေကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု အရေးပေါ်စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးမက်မစ်ချယ်လ်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ မြို့တော်တွင် လေထုညစ်ညမ်းမှု ဆိုးရွားလာသဖြင့် ဇုန်များသတ်မှတ်၍ အရေးပေါ်သတိပေးချက်ထုတ်ပြန်

ဆာရာဂျေဗို ဇန်နဝါရီ ၂၁

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ မြို့တော်ဆာရာဂျေဗိုတွင် လေထုညစ်ညမ်းမှု ဆိုးရွားလာသဖြင့် ဇုန်များသတ်မှတ်၍ အာဏာပိုင်များက အရေးပေါ်သတိပေးချက် ထုတ်ပြန်ကြောင်း သိရသည်။

လက်ရှိ ဆာရာဂျေဗိုမြို့တစ်မြို့လုံးကို မီးခိုးမြူများက ထူထပ်စွာဖုံးလွှမ်းထားပြီး အဆိုပါမြို့၏ လေထုအရည်အသွေးသည် တိုင်းတာချက်များအရ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် အဆင့်သို့ ရောက်ရှိနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ထို့ကြောင့် အစိုးရက ဆာရာဂျေဗိုမြို့၏ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန် မြို့ကို အန္တရာယ်အဆင့်အလိုက် ဇုန် A၊ B၊ C ဇုန်သုံးခုသတ်မှတ်၍ အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မြို့လယ်ပိုင်းနေရာများကို ဇုန် A အဖြစ် သတ်မှတ်ထားပြီး အဆိုပါနေရာများတွင် လေထုညစ်ညမ်းမှုသည် အန္တရာယ်အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်အသွားအလာများနှင့် မလိုအပ်ဘဲ ပြင်ပသို့သွားလာမှုများကို ကန့်သတ်ထားကြောင်း၊ ဇုန် A အနီးပတ်ဝန်းကျင်ကို ဇုန် B ဟု သတ်မှတ်ထားပြီး ထိုနေရာတွင် လေထုညစ်ညမ်းမှု အန္တရာယ် အလယ်အလတ်ဖြစ်ပြီး လိုအပ်ပါက ကန့်သတ်မှုများချမှတ်သွားမည်ဖြစ်ကြောင်း၊ မြို့အပြင်ဘက်ပိုင်းများကိုမူ ဇုန် C အဖြစ် သတ်မှတ်ထားပြီး လေထုညစ်ညမ်းမှုအန္တရာယ် အနည်းဆုံးဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှု နည်းပါးသော်လည်း စောင့်ကြည့်နေဆဲဖြစ်ပြီး အခြေအနေဆိုးလာပါက ဇုန် B သို့ မြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇုန် A သတ်မှတ်ထားသည့် Novi Grad၊ Centan Stari Grad၊ Novo Sarajevo နှင့် Llidza မြို့နယ်တို့တွင် လက်ရှိအချိန်ထိ အရေးပေါ် သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ဇုန် A တွင် PM 10 အမှုန်အမွှားများသည် လေထုတစ်ကုဗမီတာလျှင် မိုက်ခရိုဂရမ် ၂၀၀ ထက်နှင့် PM 2.5 ပါဝင်မှုမှာ ၁၂၂ ဒသမ ၅ မိုက်ခရိုဂရမ်ထိ ရောက်ရှိခဲ့သဖြင့် ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့်အဆင့် သို့ရောက်ရှိနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဂတ်ဝစ်လေဆိပ်ချဲ့ထွင်မှုကို ရပ်ဆိုင်းပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒဖော်ထုတ်

လန်ဒန် ဇန်နဝါရီ ၂၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဂတ်ဝစ်လေဆိပ်ချဲ့ထွင်မှုလုပ်ငန်းများဆောင်ရွက်နေပြီး လေဆိပ်ချဲ့ထွင်မှုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက်ကြောင့် လုပ်ငန်းများကို ရပ်ဆိုင်းပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ဇန်နဝါရီ ၂၀ ရက်မှ စတင်၍ ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆိပ်ချဲ့ထွင်ခြင်းလုပ်ငန်းများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များထုတ်လွှတ်နိုင်ပြီး ဆူညံသံများကြောင့်လည်း အများပြည်သူ အနှောင့်အယှက်ဖြစ်စေသည့်အတွက် လုပ်ငန်းများ ရပ်ဆိုင်းသွားသည်ထိ ဆန္ဒဖော်ထုတ်သွားကြမည် ဖြစ်ကြောင်း၊ လေဆိပ် ချဲ့ထွင်မှုနှင့်အတူ လေကြောင်း ခရီးစဉ်များလည်း ပိုမိုမြင့်တက်လာနိုင်သည့်အတွက် လေကြောင်းခရီးစဉ်များမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှုန်းလည်း မြင့်မားလာနိုင်သည့်အတွက် အင်္ဂလန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရည်မှန်းချက်များကို ထိခိုက်လာစေနိုင်ကြောင်း သိရသည်။

"ဂတ်ဝစ်လေဆိပ်ချဲ့ထွင်မှုတွေ ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ဆန္ဒဖော်ထုတ်နေတာဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရည်မှန်းချက်ကြောင့်ပါ။ လေဆိပ်ချဲ့ထွင်မှုကနေထွက်ပေါ်လာတဲ့ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာနိုင်သလို လုပ်ငန်းခွင်ကထွက်ပေါ်လာတဲ့ ဆူညံသံတွေကြောင့်လဲ အနှောင့်အယှက်ဖြစ်စေပါတယ်"ဟု ဆန္ဒဖော်ထုတ်နေသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဘဝပန်းချီကားကို အလှပဆုံးခြယ်မှုန်းကြပါစို့

လင်းလက်

ဘဝပန်းချီကား လှပစေဖို့

ကျောင်းသားလူငယ်ဘဝမှ တက္ကသိုလ် ကျောင်းသားဆိုသည့် ဘဝကိုရရန်အတွက်နှင့် မိမိဆန္ဒရှိရာ အသက်မွေးဝမ်းကျောင်းပညာများကို ဆက်လက်ဆည်းပူးခွင့်ရရန်နှင့် အဆင့်မြင့်ပညာများသင်ယူရန်အတွက် မိမိအရည်အချင်းကို စစ်ဆေးမည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မကြာမီကာလတွင် ဖြေဆိုရတော့မည်ဖြစ်သည်။ လူငယ်များအတွက် ဘဝအပြောင်းအလဲဟုပင် ဆိုနိုင်သဖြင့် စိုးရိမ်ပူပန်မှုများ၊ စိတ်လှုပ်ရှားမှုများ ရှိနေတတ်ကြသည်။ ဘဝတစ်ဆစ်ချိုးပြောင်းလဲမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်စွာဖြေဆိုနိုင်လျှင် မိမိတို့ဘဝရည်မှန်းချက်အတွက် အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးခွင့်ရရှိမည်ဖြစ်သည်။ ဆရာဝန်ဖြစ်ချင်သူများအတွက် ဆေးတက္ကသိုလ်တက်ခွင့်၊ အင်ဂျင်နီယာဖြစ်ချင်သူများအတွက် အင်ဂျင်နီယာပညာရပ်များကိုလေ့လာခွင့်၊ ကွန်ပျူတာပညာရှင်ဖြစ်ချင်သူများအတွက် ကွန်ပျူတာတက္ကသိုလ်ပညာရပ်များသင်ယူခွင့် စသည့်အခွင့်အရေးများကိုရရှိနိုင်ရေး တက္ကသိုလ်ဝင်စာမေးပွဲကို မဖြစ်မနေကျော်ဖြတ်ရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာ ဘဝမဟုတ်သော်လည်း ဘဝတိုးတက်ရေးအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရလဒ်ကောင်းများဖြင့် အရောင်စုံသော ဂုဏ်ထူးပန်းကလေးများပန်ဆင်နိုင်အောင် ကြိုးစားရန်လိုသည်။ မိမိတွင်ရှိသော စိတ်ဓာတ်ခွန်အားနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားသွန်ခွန်စိုက်ကြိုးစားရမည့်ကာလဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် လူ့ဘဝပန်းချီကားကို လှပစွာခြယ်မှုန်းနိုင်ရေးအတွက် လိုအပ်သည့်စုတ်တံတစ်ချောင်းပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူသည် ဘဝပန်းချီကားကိုခြယ်မှုန်းနိုင်ရေး လိုအပ်သည့် စုတ်တံတစ်ချောင်းကိုရရှိသူဖြစ်ပြီး ဂုဏ်ထူးများသည် ဆေးရောင်စုံများပင်ဖြစ်သည်။ ဆေးရောင်စုံလေလေ ဘဝပန်းချီကားလှပလေလေဖြစ်သကဲ့သို့ ဂုဏ်ထူးများလေလေ မိမိဆက်လက်သင်ကြားရမည့် ပညာရေးအတွက် ရွေးချယ်ရန်အခွင့်အလမ်းများ များလေလေဖြစ်သည်။ မိမိတို့ဘဝပန်းချီကားကို လှပစွာ ခြယ်မှုန်းလိုသူတိုင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးပန်းများဖြင့်အောင်မြင်ရန် ကြိုးစားကြရမည်ဖြစ်သည်။

စာတွေ့ မမေ့စေချင်

တက္ကသိုလ်ဝင်စာမေးပွဲ နီးကပ်လာနေသည်နှင့် အမျှ ကျောင်းသားလူငယ်များအတွက် စိုးရိမ်ပူပန်စိတ်များကလည်း တိုးသည်ထက် တိုးလာနေမည်ဖြစ်သည်။ ယခုအချိန်သည် မိမိလေ့လာဆည်းပူးခဲ့သည့် သင်ခန်းစာများကို ပြန်လည်လေ့ကျင့်ရမည့်အချိန်ဖြစ်ပြီး မိမိ၏အရည်အချင်းကို မှတ်ကျောက်တင်နိုင်ရန်အတွက် ကြိုးစားကြရမည်ဖြစ်သည်။ စိုးရိမ်စိတ်များပါက မိမိကျက်မှတ်၊ လေ့လာခဲ့သော သင်ခန်းစာများမေ့သွားနိုင်သည်။ စာမေးပွဲအတွက် အရေးကြီးဆုံးမှာ မိမိလေ့လာကျက်မှတ်ထားသည့် သင်ခန်းစာများမမေ့ရန်ပင်ဖြစ်သည်။ စိတ်ဖိစီးမှုများသည့်အခါ ဦးနှောက်၏ မှတ်ဉာဏ်စွမ်းအားကို လျော့စေနိုင်သည်။ ထို့ကြောင့် ပျေ့ပျေ့တန်တန်သဘောထား၍ နေသွားရမည်ဟု ဆိုလိုခြင်းမဟုတ်သော်လည်း အချိန်ပြည့်စာမေးပွဲဆိုသည့် စိတ်ဖိစီးမှုမရှိအောင် နေထိုင်တတ်ရန်လိုသည်။

စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေမှသာ စာမေးပွဲတွင် သတ်မှတ်ချိန်အတွင်း သတ်မှတ်ထားသောမေးခွန်းများကို ကောင်းမွန်စွာဖြေဆိုနိုင်မည်ဖြစ်သည်။ စိတ်ဖိစီးမှုများလွန်းသည့်အခါ ရပြီးသားသင်ခန်းစာများပင်မေ့သွားနိုင်ပြီး ပုစ္ဆာများအတွက် အဖြေရှာရန် ခက်ခဲသွားနိုင်သည်။ စိတ်ပင်ပန်းမှုများ လျှော့ချနိုင်ရေးအတွက် စာမေးပွဲနီးလာသည်နှင့်အမျှ ကျက်မှတ်ထားသောစာများကို ပြန်လည်လေ့လာရင်းဖြင့် စိတ်ရောကိုယ်ပါ နားနေချိန်များကိုလည်း ဖန်တီးရမည်ဖြစ်သည်။ စိတ်သည် အရာရာကို ဦးဆောင်သဖြင့် စိတ်ဖိစီးမှုများကိုတွန်းလှန်တိုက်ခိုက်၍ စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွစွာဖြင့် စာမေးပွဲခန်းအတွင်း ဝင်သွားနိုင်ရေးအတွက်လည်း

> **❖ တက္ကသိုလ်ဝင်စာမေးပွဲသည် လူ့ဘဝပန်းချီကားကို လှပစွာခြယ်မှုန်းနိုင်ရေးအတွက် လိုအပ်သည့် စုတ်တံတစ်ချောင်းပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူသည် ဘဝပန်းချီကားကို ခြယ်မှုန်းနိုင်ရေး လိုအပ်သည့်စုတ်တံတစ်ချောင်းကို ရရှိသူဖြစ်ပြီး ဂုဏ်ထူးများသည် ဆေးရောင်စုံများပင်ဖြစ်သည်။ ဆေးရောင်စုံလေလေ ဘဝပန်းချီကားလှပလေလေဖြစ်သကဲ့သို့ ဂုဏ်ထူးများ လေလေ မိမိဆက်လက်သင်ကြားရမည့်ပညာရေးအတွက် ရွေးချယ်ရန်အခွင့်အလမ်းများ များလေလေဖြစ်သည်။ မိမိတို့ဘဝပန်းချီကားကို လှပစွာခြယ်မှုန်းလိုသူတိုင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးပန်းများဖြင့်အောင်မြင်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ❖**

ပြင်ဆင်ထားကြရမည်ဖြစ်သည်။ ညဉ့်နက်သည်ထိ စာကြည့်သော်လည်း အိပ်ချိန်၊ စားချိန် ပုံမှန်ရှိနေရန်လည်းလိုသည်။

ကျန်းမာရေးက အဓိက

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူသည် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးကလည်း အရေးကြီးသည့်ကာလဖြစ်သည်။ စာမေးပွဲအတွက် စိတ်ဖိစီးမှုများကြောင့် အအိပ်ပျက်၊ အစားပျက်ဖြစ်မနေရန်လိုသည်။ အအိပ်ပျက်၊ အစားပျက်ဖြစ်သည့်အခါ ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရဓာတ်များမရှိတော့ဘဲ ကျန်းမာရေးထိခိုက်စေနိုင်သည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုရမည့် ဘာသာရပ်အားလုံးကို ကြေညက်နေစေကာမူ ကျန်းမာရေးထိခိုက်၍ စာမေးပွဲဖြေဆိုနိုင်ခြင်းမရှိလျှင် ကျက်မှတ်လေ့လာထားသည့်စာအားလုံးက အဟောသိကံ ဖြစ်သွားတတ်သည်။

အိပ်ရေးပျက်သည့်အခါ အစားပျက်တတ်သည်က ခန္ဓာကိုယ်၏ ပုံမှန်ဇီဝကမ္မဖြစ်စဉ်ပင်ဖြစ်သည်။ စာကျက်ရန်အတွက် ပုံမှန်ထက် အချိန်ပိုယူမိပြီး အိပ်ချိန်ကို လျှော့ချလိုက်မိသည့်အခါ ခန္ဓာကိုယ် ကျန်းမာရေးထိခိုက်ပြီး အစားအသောက်ပျက်သည်ထိ ဖြစ်လာတတ်သည်။ စာမေးပွဲခန်းအတွင်း မူးလဲခြင်း၊ စာမေးပွဲမဖြေမီ ကျန်းမာရေးအားနည်းသဖြင့် ဆေးကုသရခြင်း စသည့်ဖြစ်စဉ်များသည် စာကြည့်ချိန်ကို အဆမတန်မြှင့်တင်လိုက်မိခြင်းနှင့် စိတ်ဖိစီးမှုများကြောင့်သာ ဖြစ်ရခြင်းဖြစ်သည်။ အစားအသောက်စားသောက်ရာတွင် အစာကြေလွယ်သော အစာများကို ရွေးချယ်စားသုံးသင့်သည်။ စာကြည့်ချိန်အတွင်း အထိုင်များတတ်သဖြင့် အစာချေဖျက်မှုစနစ်အားနည်းနိုင်သဖြင့် အစာအိမ်ပုံမှန်အလုပ်လုပ်နိုင်ရေးအတွက် အစာကြေလွယ်သောအစားအစာများကို ရွေးချယ်စားသောက်ရန်လိုသည်။ စားချိန်၊ အိပ်ချိန်ပုံမှန်ဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်စေရေး ကြိုးစားသင့်ပေသည်။

လွယ်မယောင်နဲ့ခက်တတ်တယ်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသားများ ဖြေဆိုရမည့် ဘာသာရပ်များတွင် မိမိအတွက် ကျွမ်းကျင်ပိုင်နိုင်သော ဘာသာရပ်များရှိသကဲ့သို့ နားလည်ရန်ခက်ခဲသောဘာသာရပ်များ ရှိနေတတ်သည်။ မြန်မာစာကိုပင် ဖတ်ရ၊ မှတ်ရ၊ ကျက်ရ ခက်လှပါသည်ဆိုသော ကျောင်းသားများလည်း ရှိသည်။ အချိန်ဇယားကို စနစ်တကျထားကာ မိမိအတွက်ခက်ခဲသောဘာသာရပ်များအတွက် အချိန်အနည်းငယ်ပိုပေး၍ လေ့လာသင့်ပေသည်။ သို့ရာတွင် မိမိအတွက် လွယ်ကူသည်ဟုထင်ထားသော ဘာသာများကိုလည်း ပစ်မထားသင့်ပေ။ စာဆိုသည့်သဘောမှာ အထပ်ထပ်အခါအခါလေ့လာကျက်မှတ်နေမှသာ စာမေးပွဲခန်းအတွင်း၌ စဉ်းစားဖြေကြားနိုင်သည့်သဘောရှိသည်။ ဘာသာရပ်တိုင်းကို မျှမျှတတလေ့လာ၍ အောင်မြင်အောင် ကြိုးစားသင့်ပေသည်။ အခြားဘာသာရပ်များတွင် ဂုဏ်ထူးထွက်ပြီး အင်္ဂလိပ်စာတွင် လေ့လာမှုအားနည်းကာ အောင်မှတ်မရခဲ့ပါက စာမေးပွဲကျရှုံးသည်ကို နားလည်ရန်လိုသည်။

လောကခ္ခ အလွယ်တကူရသော အရာဟူ၍ မရှိပေ။ တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်ကလည်း စာတော်လှပါသည်ဆိုသူများပင် ခြေချော်လက်ချော်ဖြစ်တတ်သည်။ စာသင်နှစ်စကတည်းက လေ့လာခဲ့ရသည့် မိမိ၏ကြိုးစားအားထုတ်မှုများ အဟောသိကံမဖြစ်ရန်လိုသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် လွယ်ကူနေသည်ဟုဆိုပါက လူတိုင်းအောင်မြင်နေပြီး ကျရှုံးသူဟူ၍ရှိနေမည်မဟုတ်ပေ။ ကြိုးစားသူတိုင်းအတွက် အသီးအပွင့်ဆိုသည်က ရှိနေတတ်ကြစမြဲမို့ ဖြေဆိုသူများအနေဖြင့် ကြိုးစားလေ့လာကြရန်သာလိုသည်။ မိမိ၏အခြေအနေကို မိမိအသိဆုံးပင်ဖြစ်ပြီး အားနည်းချက်၊ အားသာချက်များကို စာမေးပွဲနီးလာသည့်အချိန်တွင် ပြန်လည်သုံးသပ်ရန်လိုသည်။

အဟောင်းထဲက ရတနာများ

စာမေးပွဲတစ်ခုအတွက်ပြင်ဆင်ရာတွင် သတ်မှတ်ထားသောဘာသာရပ်များပါ အကြောင်းအရာများကို စေ့စပ်သေချာစွာ လေ့လာရန်လိုသည်။ မိမိလေ့လာကျက်မှတ်ထားသည့် စာများအနက် စာမေးပွဲမေးခွန်းတွင် မေးထားသည်များကို ဖြေဆိုရသည်က မလွယ်လှပေ။ စာမေးပွဲဆိုသည့်သဘောကလည်း စာရရန်ဆိုသည်ထက် မေးသည့်မေးခွန်းကို တိကျသေချာစွာဖြေဆိုနိုင်ရန် အဓိကဖြစ်သည်။ ကျောင်းသားများအနေဖြင့် မေးခွန်းကို သေချာနားလည်အောင်ဖတ်ရှုပြီးမှ တိကျသေချာစွာ ဖြေကြားရသည်။

စာမေးပွဲနီးလာသည့်အချိန်တွင် ကျက်မှတ်လေ့လာထားသောသင်ခန်းစာများ ပြန်နှေးခြင်းကိုလည်း စနစ်တကျဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဆိုသည့်စကားနှင့်အညီ ယခင်မေးခွန်းဟောင်းများကိုလည်း ပြန်လည်လေ့လာဖြေဆိုလေ့ကျင့်ကြည့်သင့်ပေသည်။ ထိုသို့လေ့ကျင့်ခြင်းဖြင့် စာမေးပွဲမေးခွန်းနှင့်မစိမ်းဘဲ စနစ်တကျဖြေဆိုတတ်သည့်အလေ့အကျင့်ဖြစ်သွားရန်ဖြစ်သည်။ မေးခွန်းဟောင်းများကို လေ့လာကြည့်သည့်အခါ မည်သည့်ဘာသာ၊ မည်သည့်နေရာတွင် မည်သို့သောမေးခွန်းမေးတတ်သည်၊ မိမိတို့သင်ကြားထားသည့်ဘာသာရပ်မှ မည်သည့်အခန်းကို ကိုးကားဖြေဆိုရမည်ဆိုသည့်အသိကို ရရှိစေသည်။ စာမေးပွဲဖြေဆိုချိန်အတွင်း အချိန်မလောက်ဆိုသောပြဿနာများမဖြစ်ရအောင်လည်း အချိန်ကိုကြိုတင်စီမံခန့်ခွဲနိုင်မှုအလေ့အထကိုလည်း ရရှိစေသည်။ သို့ဖြစ်ရာ အဟောင်းထဲမှ ရတနာများကို ရှာဖွေဖော်ထုတ်လေ့လာသင့်ပေသည်။

ယုံကြည်ချက်ဖြင့် အောင်ပွဲဆီသို့

စာမေးပွဲဆိုသည်မှာ မိမိဘဝအတွက် ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲနှင့် စိန်ခေါ်မှုဟူ၍ မယူဆသင့်ပေ။ မိမိ၏ပညာအရည်အချင်းကို ဖော်ထုတ်ပြသခွင့်ရရှိသည့် အခွင့်အရေးသာဖြစ်သည်။ ထိုအခွင့်အရေးကို အမိအရဖမ်းဆုပ်ကိုင်ကာ မိမိလေ့လာသင်ယူခဲ့ရသည့်ပညာရပ်များကိုချပြ၍ မိဘများနှင့် ဆရာ၊ ဆရာမများ၏ဂုဏ်ကိုဆောင်ကာ မိမိဘဝအတွက် မှတ်တိုင်တစ်ခုဖြစ်သည်။ မိမိကိုယ်မိမိ လုပ်နိုင်သည်ဆိုသည့် ယုံကြည်စိတ်၊ အကောင်းမြင်စိတ်များတတ်နိုင်သမျှ မွေးမြူထားရန်လိုသည်။ အကောင်းမြင်စိတ် တစ်နည်းအားဖြင့် အောင်စိတ်ရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

အာရုံစူးစိုက်မှုကောင်းစေရေးအတွက် အဓိက အရေးကြီးဆုံးအချက်မှာ ခေတ်စနစ်အရ လူမှုမီဒီယာများအသုံးပြုမိခြင်းကို စာမေးပွဲကာလတွင် ခေတ္တနားထားရန်လိုသည်။ မိမိကို အားပေးတိုက်တွန်းသည့်စကားများ၊ စိတ်ဓာတ်ခွန်အားဖြစ်သည့် စကားများပြောတတ်သူများနှင့်သာ ပေါင်းသင်းဆက်ဆံရန်လည်းလိုသည်။ သို့ဖြစ်ရာ မိမိတို့ဘဝတစ်ဆစ်ချိုးဟု သတ်မှတ်ထားသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်နီးကပ်လာသည့်အချိန်တွင် "ကျက်မှတ်ထားသောစာများကို ပြန်နှေးခြင်း၊ မေးခွန်းဟောင်းများလေ့လာခြင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်ခြင်း၊ သင့်တင့်မျှတသော အိပ်ချိန်ရှိအောင် ဆောင်ရွက်ခြင်း၊ အစာကြေလွယ်သော အစာများကို စားသုံးခြင်း" စသည့်ကိစ္စရပ်များကို ပြုလုပ်ခြင်းဖြင့် မိမိစိတ်နှင့် ခန္ဓာကိုယ်ကို ကျန်းမာသန်စွမ်းအောင် ပြင်ဆင်ထားရန်လိုသည်။ ဘဝပန်းချီကားကို လှပစွာခြယ်မှုန်းနိုင်ရေးအတွက် လိုအပ်သည့်စုတ်တံများနှင့် ဆေးရောင်စုံများကိုရရှိရေး အခွင့်အလမ်းပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် စိတ်ရောကိုယ်ပါ ကျန်းမာစွာဖြင့် အောင်စိတ်မွေးကာ အောင်ပန်းဝေဝေ ဆွတ်ခူးနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

ကိုးကား

– နေ့စဉ်ထုတ်သတင်းစာများ။

မော်မျက်နှာဖုံး ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မော်မျက်နှာဖုံး ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ မော်မျက်နှာဖုံးရုပ်ရှင် ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထူးသာထံမှ သိရသည်။

အဆိုပါ မော်မျက်နှာဖုံးရုပ်ရှင် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညီလေးက ရေးသားထားပြီး နေစိုးသော်နှင့် လွင်မင်းအုံတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ပြရသက ကြည်နူးစေ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"စိတ်လက်ပေါ့ပါး ရယ်မော ပျော်ရွှင်ကြရမဲ့ ဟာသဇာတ်မြူးလေးပါ။ ရယ်စရာတွေ၊ မော်ဆန်မှုတွေ၊ မခန့်မှန်းနိုင်တဲ့ လှည့်ကွက်တွေနဲ့ ရှေးဟောင်းတန်ဖိုးကြီး မော်မျက်နှာဖုံးတစ်ခုကို အမှန်တကယ်ပိုင်ဆိုင်သွားမဲ့သူက ဘယ်သူဖြစ်မလဲဆိုတာ ဒီဇာတ်ကားမှာ စောင့်ကြည့်ကြရမှာပါ" ဟု သရုပ်ဆောင် ထူးသာက ပြောပြသည်။

အဆိုပါ မော်မျက်နှာဖုံးရုပ်ရှင် ဇာတ်ကားတွင် သရုပ်ဆောင်များ အဖြစ် ကျော်ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဝိုလ်၊ ရုတနာဝီ၊ ချိုပြုံး၊ မိုးသားကျော်ရဲဆောင်၊ ရွှေညည်ဝင်သက်စံ၊ ကျိုးကာ၊ ဆင်မ၊ ထူးသာ၊ မျောက်ရှိုး၊ ရတနာဝီ၊ ချိုပြုံး၊ မှုံနဲ့သာကျော်ရဲအောင်၊ ရွှေရည်ဝင်းထက်စံ၊ သူဇာပွင့်၊ ဧည့်သည်သရုပ်ဆောင် စိုးမိုးကြည်၊ ရွှေပိုးအိမ်၊ ပြသဇင်ဗိုတို့ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

ဖြစ်ချင်ဦးဟဲ့ အလှမယ် ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၁

Royal Poe ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖြစ်ချင်ဦးဟဲ့ အလှမယ် ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကြည်သာထံမှ သိရသည်။

အဆိုပါ ဖြစ်ချင်ဦးဟဲ့ အလှမယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စွမ်းပိုင်က ရေးသားထားပြီး ရွှန်းမီမီထက်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ကြည်သာနှင့် စွမ်းပိုင်တို့က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ။ လူစိတ်ဝင်စားပြီး ပရိသတ်ရှိတဲ့ အလှမယ် သဲစုညိမ်း၊ မီးမီးနဲ့ ထူးအုံ့လွင်လဲ ပါဝင်ထားပါတယ်။ အလှမယ်ဖြစ်ရေးအတွက် ဘယ်လိုတွေအူတက်အောင် သရုပ်ဆောင်ပြမလဲ ဆိုတာကိုတော့ ပိတ်ကားထက်မှာ ဆက်လက်စောင့်မျှော် ကြည့်ရှုပေးကြပါလို့ ပြောချင်ပါတယ်" ဟု ဒါရိုက်တာ ကြည်သာက ပြောပြသည်။

ဖြစ်ချင်ဦးဟဲ့ အလှမယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များ အဖြစ် လွှမ်းပိုင်၊ ထူးအုံ့လွင်၊ ဇော်ရှင်းထက်၊ ဗီတာမင်၊ ကျိုကာ၊ အရိုင်း၊ သွက်လက်၊ စူပါလင်း၊ စွမ်းထက်အောင်၊ ရဲလေးမ၊ စိုးမြတ်သူဇာ၊ မီးမီး၊ သဲစုညိမ်း၊ မေမီလင်း၊ တက္ကသိုလ်ဝွမ်းပုံ၊ နှင်းယှဉ်မြင့်မိုရ်၊ ဆွိနှင့်အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

တယုတယခြွေ ရုပ်ရှင်ဇာတ်ကားကို Mahar Application က ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်လွှင့်မည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၁

တယုတယခြွေ ရုပ်ရှင်ဇာတ်ကားကို Mahar Application က ဇန်နဝါရီ ၂၅ ရက် နံနက် ၇ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါတယုတယခြွေ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီနန္ဒထံမှ သိရသည်။

အဆိုပါ တယုတယခြွေရုပ်ရှင် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ စိုးမိုးမင်းက အောင်စေရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ဒုတိယ မြောက်ခြေလှမ်းပါပဲ။ ဇာတ်လမ်း ဇာတ်အိမ် ကောင်းကောင်းနဲ့ သရုပ်ဆောင်အားကောင်းကောင်း မြင်ရမဲ့ အိမ်ထောင်ရေးဒရာမာ ဇာတ်လမ်းပါပဲ။ ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တုန်းက ရုံတင်ပြသခဲ့သလို ပရိသတ်တွေအားပေးခဲ့တဲ့ ဇာတ်ကား တစ်ကားပါ။ ဒီဇာတ်ကားကို ထပ်မံကြည့်ရှုလိုသူတွေနဲ့ မကြည့်ရှုရသေးသူတွေ ကြည့်ရှုနိုင်အောင် Mahar Application ကနေ ဇန်နဝါရီ ၂၅ ရက်မှာ ထုတ်လွှင့်ပေးသွားမှာပါ။ စောင့်မျှော်ကြည့်ရှုအားပေးပါအုံး"ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

တယုတယခြွေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရွှေထူး၊ ညီနန္ဒ၊ မင်းအာကာ၊ အိချောပို၊ ခိုင်နှင်းဝေ၊ ရွှေပိုးအိမ်၊ ဧည့်သည်သရုပ်ဆောင် မေသန်းနှင့် အနုပညာရှင်များစွာပါဝင်ထားကြောင်း သိရသည်။

ASH

Amazon MGM ၏ နေဗီဆီးဇာတ်ကား၌ အမျိုးသား သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်လာ

နယူးယောက် ဇန်နဝါရီ ၂၁

Amazon MGM စတူဒီယို၏ နေဗီဆီး ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ကီလီအယ်လန်၊ ဘရိုင်ယန်ဒေါင်းနှင့် ဒွိုင်းဝုယင်တို့ လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ နေဗီဆီးဇာတ်ကားသစ်တွင် အထက်ပါ အမျိုးသား သရုပ်ဆောင် သုံးဦးတို့သည် မင်းသား အလန်ရစ်ချက်ဆန်နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဗီယက်နမ် စစ်ပွဲပြီးဆုံးလုဆဲဆဲ ကာလအတွင်း ရန်သူ့နောက်တန်း၌ ပိတ်ဆို့နေခဲ့ရသည့် နေဗီဆီး အထူးတပ်ဖွဲ့တစ်ဖွဲ့၏ ဖြစ်ရပ်မှန်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး လက်ရှိတွင် နေဗီဆီး ဇာတ်ကား၌ တရားဝင်ဇာတ်ကားနာမည်ကို Amazon MGM က ပြောကြားခြင်းမရှိသေးပေ။

အဆိုပါဇာတ်ကားကို War Machine ဒါရိုက်တာ ပက်ထရစ်ဟက်က တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့ခ်ဆီးမို့စ်နှင့် ဂျေဆင်ဟောက်တို့က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

Tesseract ဇာတ်ကား၌ မင်းသား ဂလန်းပိုဝဲ ပါဝင်ဖွယ်ရှိ

နယူးယောက် ဇန်နဝါရီ ၂၁

Amazon MGM စတူဒီယို၏ Tesseract အမည်ရှိ သိပ္ပံရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

Tesseract ဇာတ်ကားကို ဒါရိုက်တာ ဆမ်အက်စ်မေးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် Tesseract ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ဆမ်အက်စ်မေးသည် မကြာသေးမီက Leave the Word Behind ဇာတ်ကားကို ရိုက်ကူးပေးခဲ့ပြီးဖြစ်သည်။

လက်ရှိတွင် မင်းသား ဂလန်းပိုဝဲသည် Tesseract ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် Amazon MGM နှင့် ဆွေးနွေးနေကြောင်း သိရသည်။

Tesseract ဇာတ်ကားစတင် ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

Myanmar's advocates continue to respond in Gambia-Myanmar case

A lawyer representing Myanmar submits an oral argument at ICJ.

Nay Pyi Taw January 21

The oral hearings in the Gambia–Myanmar case are taking place from 12 to 29 January at the International Court of Justice in The Hague, the Netherlands. Myanmar delivered its first oral arguments, from 10 am to 6 pm local time on 20 January, with its lead counsel, Mr Christopher Staker, and counsel, Mr Sam-Bloom Cooper and Ms Leigh Lawrie KC, presenting the case.

Myanmar's lawyers responded to The Gambia's allegations, with Mr Stefan Talmon addressing The Gambia's claim that Myanmar intended to exterminate the Bengalis through the spread of hate speech, and Ms Alina Miron responding to allegations of failure to prosecute and destruction of evidence.

Myanmar's lawyer Sam-Bloom Cooper responded to allegations of failure to meet the burden of proof, while Mr Stefan Talmon responded to The Gambia's allegations concerning legal follow-up issues. (The counterarguments of Myanmar's counsels are excerpted separately.)

100

Prof Stefan Talmon Presents Counterarguments at ICJ

Professor Stefan Talmon submitted the rebuttal arguments on alleged hate speech and propaganda for the case of The Gambia versus Myanmar at the International Court of Justice in The Hague, the Netherlands, on 20 January.

He stated: One of The Gambia's arguments is that the utterances of Myanmar soldiers are an indicator of genocidal intent. You were presented on screen with seven statements which allegedly represented "utterances of soldiers posted online". However, the Reuters report that is adduced as evidence does not even mention the word "soldier". All statements are unattributed. One of the seven statements is not even included in the report. One of the statements was a comment on a news article on attacks on police stations by Bengali militants.

This example is only to show that when the Court deals with the statements put forward by The Gambia, it needs to focus very closely on the original statements themselves. The Court should take note of the fact that, in many cases, The Gambia does not put forward the statement itself but relies on secondary sources, reports and news articles. Material of this nature is of no evidential value.

The Gambia says that the Court must determine whether Myanmar's alleged use of hate speech and propaganda "constitutes an indicator of genocidal intent." In its presentation last week, The Gambia referred thirteen times to "anti-Rohingya hate propaganda, and the hateful utterances of Myanmar soldiers" – speech acts it considers to be indicators of genocidal intent. It comes as no surprise that at the end of the presentation, The Gambia concluded that such hate speech and utterances are "conclusive indicators of genocidal intent".

This approach has no basis in the Court's case law. The Court follows an "inference from a pattern of conduct" approach. The Court first establishes a pattern of conduct from which genocidal intent is then inferred. So there is no direct inference of genocidal intent from hate speech or the tolerance of hate speech.

The only question, therefore, is whether hate speech and the toleration of hate speech could be relevant for establishing a pattern of conduct from which genocidal intent could be inferred. A pattern of conduct has been defined as "a consistent series of acts carried out over a specific period of time." The two elements of genocide must be "linked". It is the acts committed by the perpetrators of the attacks on the protected group that must form the pattern of conduct from which the inference is drawn. Extraneous factors, such as hate speech and toleration of hate speech, would inevitably raise the question of their relationship to the actual attacks and the question of causation.

The Gambia's hate speech and propaganda argument is thus irrelevant for establishing an alleged general plan to destroy the Bengali Muslim group in whole or in part by way of inference from a pattern of conduct.

The Gambia would have to show that the speech acts are related to the particular circumstance in question and that the only reasonable inference from these acts was genocidal intent. Considering the other intents mentioned by The Gambia itself in its presentation, such as intent to incite hatred or violence against Bengali Muslims, or intent to take "revenge", an intent to destroy would not be the only reasonable inference from these speech acts.

The Gambia's attempts to insinuate an orchestrated top-down campaign of genocide led by Myanmar's Senior General Min Aung Hlaing fail on the evidence. When read in their context and against the background of the counter-terrorism operations, the snippets from the General's statements contain no espousal of genocidal intent, let alone a call for genocide, or even simple violence.

There is no evidence of genocidal intent in these or other statements by the Senior General. Even if viewed in isolation, as a matter of their ordinary meaning, none of the statements selectively relied on by The Gambia calls for the physical destruction of the group of the Bangli Muslims, in whole or in part, as such.

None of these statements qualifies as direct and public incitement to genocide or is reflective of a genocidal intent of its author. The Gambia tries to gloss over this deficiency by referring instead to "hate speech and anti-group propaganda" as an indicator of Myanmar's alleged genocidal intent.

There is, however, also another flaw in The Gambia's argument. There is a difference between hate speech in general, or inciting discrimination or violence, and incitement to commit genocide. Incitement to commit genocide requires more than incitement to hatred or violence; it requires genocidal intent on the part of the instigator. The Gambia has not proven any genocidal intent on the part of the authors of the alleged hate speech acts.

Thus, even if the hate speech argument was relevant for establishing genocidal intent on the part of Myanmar, which it is not, The Gambia would have to prove by conclusive evidence that the authors of the hate speech acts themselves had genocidal intent. It has not done so.

Even if the statements which The Gambia refers to as "anti-Rohingya hate speech and propaganda" were relevant for establishing genocidal intent, The Gambia would still have to prove by conclusive evidence that these speech acts are reflective of genocidal intent on the part of their author. It has not done so.

Even if some of the statements were reflective of genocidal intent, the Gambia would have to prove, by conclusive evidence, that the speech acts in question are attributable to Myanmar. Again, The Gambia has failed to do so.

Even if some statements by individuals reflecting genocidal intent could be attributed to Myanmar, the State's genocidal intent cannot be established by way of attributing the genocidal intent of one or more individuals. Accordingly, The Gambia's submissions on hate speech are so far removed from, and fall so short of proving genocidal intent, that they cannot be sustained.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Alina Miron Delivers Reply Arguments at ICJ

Alina Miron submitted the rebuttal arguments on allegations concerning the violation of the obligation to punish and the destruction of evidence for the case of The Gambia versus Myanmar at the International Court of Justice in The Hague, the Netherlands, on 20 January.

She stated: It now falls to me to refute the allegations concerning the obligation to punish genocide, developed by The Gambia in Chapter 11 of its Counter-Memorial and Chapter 8 of its Reply. In essence, The Gambia considers that Myanmar has failed in its obligation to punish genocide because it has not conducted a serious investigation or brought proceedings in relation to the facts brought to the Court's attention and because it has attempted to conceal evidence relating to these events.

The Gambia does not show how the failure to conduct serious investigations and the concealment of evidence – assuming these were established, which is not the case here – would in themselves contribute to the destruction of the protected group, when they are not part of the actus reus. Nor does it demonstrate how these facts would retrospectively shed light on the specific intention to destroy a protected group that the respondent State allegedly had at the critical moments.

However, this interpretation has not been validated by any international case law, not even by that invoked by The Gambia, which, in oral proceedings, was reduced to nothing.

The Gambia does not explain how the Court could adopt the approach it proposes, given that it has no jurisdiction over individual criminal responsibility and that the Gambia itself attributes the material acts in question to members of the Myanmar armed forces and police.

In any event, if the ultimate objective of invoking the obligation to prosecute is to bypass the requirement to prove dolus specialis or to attribute certain potentially criminal acts to Myanmar, it is bound to fail. Indeed, while The Gambia was unable to provide evidence of this in its demonstration of the commission of genocide, it cannot dispense with this requirement by invoking a complementary but distinct responsibility for failure to repress.

Since The Gambia has failed to fulfil its burden of proving that genocide was committed, there is simply no need to examine the allegations of impunity and destruction of evidence. It is therefore for the sake of completeness that I will show that Myanmar did not fail to fulfil its obligation under the Convention to punish genocide.

The obligation to punish, like the obligation to prevent, is an obligation of conduct and not of result, as stated by The Gambia. The parties to the Convention have an obligation to use all appropriate means at their disposal to punish those responsible for genocide. A contracting party is only liable if it has manifestly failed to implement the measures available to it for this purpose.

What is certain is that the obligation to punish is only enforceable against a Party if the alleged acts fall within the scope of the Convention. This requirement is linked to the Convention's scope ratione materiae. However, Gambia tends to accuse Myanmar of failing to punish "crimes/atrocities committed against the Rohingya in general or, more specifically, 'war crimes' committed during the anti-terrorist operations of 2016 and 2017. It is clear, however, that the obligation to punish under the Convention applies only to acts referred to in Article III of the Convention.

The fact that certain crimes may have gone unpunished or concealed does not mean that they constituted genocide. In order to hold Myanmar accountable for its obligation to punish, The Gambia must demonstrate that genocide was likely committed. These minimum details are necessary to determine whether the facts and conduct in question are likely to fall within the scope of the Convention. However, as my colleagues have shown, The Gambia's allegations are singularly lacking in precision.

It is still by denying the discretionary power of the territorial State that The Gambia can assert that the absence of prosecution constitutes in itself proof of a clear violation of the obligation to punish, when in fact it is a matter of exercising the power to assess evidence and qualify the facts. Here too, the Gambia is positing as a premise what it must prove. In this case, it must prove that the absence of prosecution is a manifest violation of the obligation to prosecute – in this case, this implies reasonable grounds to believe that genocide was committed by the persons whom Myanmar should have prosecuted. In the absence of such evidence, and given that the obligation to punish is a duty of diligence, The Gambia cannot suggest that the absence of prosecution or conviction constitutes ipso facto a breach of the obligation to punish.

Finally – and again, to an excessive degree – Myanmar has prosecuted certain members of its armed forces for acts committed during anti-terrorist operations and some have been sentenced to prison terms. Moreover, The Gambia acknowledges this, while downplaying these examples – because it considers the sentences unsatisfactory.

Finally, there are the allegations of systematic destruction of "Rohingya villages" by fire or bulldozers, which The Gambia considers to be evidence of dolus specialis on two counts: as an "indicator of genocide" and as a practice of destroying evidence to "conceal the crime". In reality, The Gambia's allegations regarding the destruction of evidence suffer from the same deficiencies in narrative and evidence as the allegations of genocidal acts. My colleagues have analysed them at length, and I will be brief. Here, too, many questions arise about the relevance of the lengthy discussions our opponents have devoted to this issue.

How could these facts constitute evidence of genocide? In themselves, they do not constitute either actus reus or dolus specialis. The Gambia does not even dispute this.

The Gambia conflates allegations relating to events during the 2016- and 2017 counter-terrorism operations with those relating to subsequent events. Myanmar accepts that destruction of homes took place during the counter-terrorism operations, but these were aimed at legitimate military targets. Other destruction was caused by the ARSA.

Contrary to what Gambia claims, the destruction is far from widespread. I would nevertheless point out that, despite the tendency to generalize geographically, which is also present in the allegations concerning the destruction of evidence, hundreds of Bengali Muslim villages in northern Rakhine State were not affected.

I finally come to the allegations concerning Myanmar's lack of cooperation with certain United Nations bodies, in particular the investigative mechanism and the Special Rapporteur on the situation of human rights.

Myanmar has explained, in its communications with the United Nations and in its submissions in the present case, that its refusal to recognize the mandate of the fact-finding mission was motivated by its doubts about its impartiality. The same applies to the investigative mechanism established after the fact-finding commission. It is not surprising that The Gambia, whose case relies heavily on the reports of these bodies, does not give credence to Myanmar's concerns about the investigative methods on which the work of these bodies is based. I would emphasize that Myanmar has the right to challenge them and their conclusions without this constituting "evidence" of dolus specialis or a violation of the obligation to punish.

Traders supply large volume of dried mackerel fish to Yangon market in December

Ngaputaw January 21

Local traders from Ngaputaw Township of Ayeyawady Region supplied a large volume of dried mackerel fish to Yangon market in December, said Daw Myint Myint Win, the owner of the fishery product trading depot in Ngaputaw Township.

Only up to 45,000 viss of dried mackerel fish were sold from Ngaputaw Township to the Yangon market during the one-month period in November 2025, while up to 66,000 viss were shipped and sold within one month from 1 to 31 December 2025.

"We systematically process locally produced dried marine mackerel and mainly ship and sell it to the Yangon market. During the past month, we sold up to 66,000 viss. Shipments are continuing as demand from the Yangon market for locally produced products remains strong.

Dried mackerel fish seen at a local market.

The dried marine fish currently being traded were produced during the summer season. Dried marine fish continues to see strong demand because it is widely consumed domestically," said Daw Myint Myint Win.

In Ngaputaw Township, fisheries product traders process fish paste and dried fish and ship dried fish, including locally produced dried mackerel, to the Yangon market. It is reported that dried mackerel is currently trading at up to K34,000 per viss. Kyaw Kyaw Lin

Kangyidaunt Township sells Kyapyan paddy to Yangon market in December

Kangyidaunt January 21

Local merchants from Kangyidaunt Township of Ayeyawady Region sold Kyapyan strain of paddy to Yangon market in December, said Daw Thiri Swe, the owner of rice and paddy trading wholesale centre in Kangyidaunt Township.

It is learned that only up to 45,000 baskets of Kyapyan paddy were shipped and sold from Kangyidaunt Township to the Yangon market during the one-month period in November, whereas up to 55,000 baskets were shipped and sold within one month from 1 to 31 December 2025.

"During the past month, we shipped and sold up to 55,000 baskets of Kyapyan paddy to the Yangon market. From our township, paddy, rice, and other agricultural products are mostly transported and sold to the Yangon market. Kyapyan paddy belongs to the fine-grain group of paddy varieties. Demand from the Yangon side has been strong, which is why shipments have increased.

At present as well, there are ongoing linkages from the Yangon market to purchase large quantities of Kyapyan paddy this month. Compared with other paddy varieties, Kyapyan paddy has seen more active trading both over the past month and recently," said Daw Thiri Swe.

It is also reported that Kyapyan paddy shipped and sold from Kangyidaunt Township to the Yangon market during March was trading at up to K1,770,000 per 100 baskets. As sales of this paddy variety have improved, farmers, traders, cargo handlers, and freight truck rental operators are gaining employment opportunities.

Kyaw Kyaw Lin

Prof Stefan Talmon delivers rebuttal arguments at ICJ

Professor Stefan Talmon presented the rebuttal arguments on alleged legal consequences for the case of The Gambia versus Myanmar at the International Court of Justice in The Hague, the Netherlands, on 20 January.

He stated: My task this afternoon is to deal with the remedies claimed by The Gambia for the alleged violations of the Genocide Convention and the Provisional Measures Order of 23 January 2020.

There is no question of remedies because The Gambia has not established by fully conclusive evidence that Myanmar is in breach of any of its obligations under the Convention or the Court's Order.

The Gambia, as a non-injured State, requests a declaration that Myanmar has violated its obligations under the Genocide Convention and an order that it shall immediately cease any ongoing violation of the Convention. In addition, it requests the Court to order Myanmar to provide assurances and guarantees of non-repetition, and declare that it must make reparation in the interest of the alleged victims of genocide, including a long list of specific acts of restitution, as well as compensation and additional means of satisfaction.

When dealing with remedies, three questions must be distinguished: First, whether the Court has jurisdiction to entertain a particular remedy; Second, whether there is a legal basis for the remedy claimed; and Third, whether the factual and legal requirements of the legal basis are met. I will deal with these three questions in turn.

Myanmar submits that the Court does not have jurisdiction to entertain a claim by a non-injured State like The Gambia for reparation in the interest of alleged victims of genocide.

Article IX provides that the Court may decide disputes "relating to the responsibility of a State for genocide". The Court's jurisdiction with regard to remedies thus depends on what is meant by the term "responsibility of a State for genocide."

The term "responsibility of a State" must be interpreted in light of "the rules of general international law … on responsibility of States for internationally wrongful acts." These general rules on State responsibility do not provide for reparation to individual victims of violations of international law, but for reparation to their State.

The term "reparation" is understood as "reparation for the injury caused". Under the general rules of State responsibility, only the State is injured – either itself or through its nationals. The Court's jurisdiction under Article IX concerning reparation is thus limited to inter-State responsibility.

In the Bosnia case, the Court held that "a finding that 'the Court has jurisdiction' ... does not necessarily prevent subsequent examination of any jurisdictional issues later arising that have not been resolved, with the force of res judicata." In that case, the Court distinguished between a finding on the existence of jurisdiction and on the extent of jurisdiction. A finding that the Court had jurisdiction did not preclude a later decision on the extent of that jurisdiction. The question of what kind of remedies the Court may entertain under Article IX of the Genocide Convention concerns the extent of its jurisdiction. This question was not addressed, let alone decided in the Court's Preliminary Objections Judgment. The question has thus not been resolved with the force of res judicata.

It is submitted that, in light of the meaning of the term "responsibility of a State for genocide" in Article IX, the Court should decide now that its jurisdiction does not extend to claims for reparation in the interest of alleged victims of genocide, because the alleged victims themselves do not have a right to claim reparation under the Genocide Convention.

The Preliminary Objections Judgment neither addressed nor decided the question of whether there is a legal basis for the remedies claimed by The Gambia. That question was therefore not decided with the force of res judicata in the Preliminary Objections Judgment, as claimed by The Gambia. The Court would have to decide this question now if it found a violation of the Genocide Convention and that it had jurisdiction to entertain a claim for reparation in the interest of alleged victims of genocide.

Such a claim cannot be based on the Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law. The Basic Principles and Guidelines are not legally binding and do not create any legal obligation under international law to make reparation directly to the alleged victims of genocide. Even less so do they establish a right on the part of non-injured States to claim reparation in the interest of the alleged victims.

The Gambia relies for its reparation claim also on Article 48, paragraph 2 (b), of the ILC's Articles on State Responsibility, according to which non-injured States may claim from the responsible State performance of the obligation of reparation in the interest of the beneficiaries of obligations erga omnes partes. However, this provision is not reflective of customary international law, as shown in detail in Myanmar's Counter-Memorial.

If The Gambia wants to rely on Article 48, paragraph 2 (b), it must prove its customary international law status. It has not done so. There is no constant and widespread State practice, let alone opinio juris, for a right to claim reparation in the interest of the beneficiaries of obligations erga omnes partes. Claims by three States in ongoing litigation are hardly capable of establishing a rule of customary international law, especially if such claims are opposed by the respondent States in the proceedings in question.

ဂမ်ဘီယာသည် “လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း သက်သေပြမည့်အထောက်အထားများ”ကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် “ရိုဟင်ဂျာကျေးရွာများ”ကို မီးရှို့ခြင်း သို့မဟုတ် ဘူဒိုဇာများဖြင့် ဖျက်ဆီးခြင်းတို့ကို အဓိကထားရည်ညွှန်း၍ စွပ်စွဲထားပါကြောင်း၊ ပထမဦးစွာ ဤဖြစ်ရပ်မှန်များသည် အမှန်တကယ်ဖြစ်ပွားခဲ့သည်ဟု ယူဆလျှင်ပင် (quod non–မဟုတ်ပါ)မည်သည့်အတွက်ကြောင့် လူမျိုးသုဉ်းသတ်ဖြတ်မှု၏သက်သေဖြစ်နိုင်သည်ဆိုသည်ကို သိရှိလိုပါကြောင်း၊ ယင်းတို့ကိုယ်တိုင်က ပြစ်မှုကျူးလွန်သည့်လုပ်ရပ်(actus reus)သို့မဟုတ် သီးခြားရည်ရွယ်ချက် (dolus specialis) မဟုတ်ပါ။ ဒုတိယအချက်မှာ ဂမ်ဘီယာသည် ၂၀၁၆–၂၀၁၇ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးအတွင်း ဖြစ်ရပ်များနှင့် နောက်ပိုင်းဖြစ်ရပ်များကို ရောထွေးနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စစ်ဆင်ရေးများအတွင်း နေအိမ်အချို့ဖျက်ဆီးခံရမှုကို လက်ခံသော်လည်း အခြားသောဖျက်ဆီးမှုများကို ARSA က ကျူးလွန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ဂမ်ဘီယာ၏စွပ်စွဲချက်နှင့် ကွဲလွဲနေသည့်အချက်မှာ ဖျက်ဆီးမှုများသည် နေရာအနှံ့အပြားတွင် ဖြစ်ပွားခဲ့ခြင်းမရှိသည့်အချက်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာသည် ပထဝီဝင်အနေအထားအရ ယေဘုယျခြုံငုံစွပ်စွဲပြောဆိုနေသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂလီမွတ်ဆလင်ကျေးရွာ ရာပေါင်းများစွာမှာ ၎င်းစွပ်စွဲနေသကဲ့သို့ ထိခိုက်မှုမရှိခဲ့သည်ကို ထောက်ပြလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အချက်အလက်ရှာဖွေရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် ငြင်းဆိုရခြင်းမှာ ယင်းအဖွဲ့၏ ဘက်မလိုက်မှုအပေါ် သံသယရှိခြင်းကြောင့်ဖြစ်သည်ဟု ရှင်းပြခဲ့ပါကြောင်း၊ အချက်အလက်ရှာဖွေရေးအဖွဲ့ နောက်ပိုင်းထူထောင်ခဲ့သော စုံစမ်းစစ်ဆေးရေးယန္တရားမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ အစီရင်ခံစာများအပေါ် များစွာမှီခိုနေရသောဂမ်ဘီယာအနေဖြင့် ယင်းအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအခြေခံထားသည့် စုံစမ်းစစ်ဆေးရေးနည်းလမ်းများအပေါ် မြန်မာနိုင်ငံ၏ စိုးရိမ်ပူပန်မှုများကို အလေးမထားခြင်းမှာ အံ့သြဖွယ်မရှိပါကြောင်း၊ သို့သော် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့နှင့် ယင်းတို့၏ကောက်ချက်များကို စိန်ခေါ်ပိုင်ခွင့်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် သီးခြားရည်ရွယ်ချက် (dolus specialis) သို့မဟုတ် အပြစ်ပေးရန် တာဝန်ကိုဖောက်ဖျက်ခြင်း၏ “သက်သေ” မဟုတ်သည်ကို အလေးအနက်ပြောကြားလိုပါကြောင်း တင်ပြခဲ့သည်။

NDNF ထာဝရငြိမ်းချမ်းရေးကွန်ရက်/အထက်မြန်မာပြည် သာသနာပြုအဖွဲ့ချုပ် ငြိမ်းချမ်းရေးကရုဏာနှလုံးသား ပရဟိတဖောင်ဒေးရှင်း ICJ အရေး သဘောထားထုတ်ပြန်ချက် (၁/၂၀၂۶)

၁၃၈၇ ခုနှစ် တပို့တွဲလဆန်း(၃)ရက်
၂၀၂۶ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် ဗုဒ္ဓဟူးနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တို့ဦးဆောင်သည့် မြန်မာအထူးကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ ဂုဏ်သိက္ခာနှင့် မြန်မာနိုင်ငံတော်၏ အကျိုးစီးပွား မြန်မာတစ်မျိုးသားလုံးအရေးကိစ္စကို မြန်မာနိုင်ငံ၏ အမှန်တရားနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ရင်ဆိုင်ဖြေရှင်းနေကြရပါသည်။

၂။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ဂုဏ်သိက္ခာနှင့် အမျိုးသား အကျိုးစီးပွားတို့ကိုထိပါးစေပြီး နိုင်ငံတကာက အထင်အမြင်လွဲမှားစေမည့် သတင်းအချက်အလက်အမှားများဖြင့် မဟုတ်မမှန်လုပ်ကြံစွပ်စွဲနေသော ဂမ်ဘီယာနိုင်ငံကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားအရေးကိစ္စအတွက် အမှန်တရားပေါ်ပေါက်ရန် တရားရင်ဆိုင်ဖြေရှင်းလျက်ရှိသော အထူးကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ကျွန်ုပ်တို့အဖွဲ့ကြီးကတစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

မြန်မာပြည်သူပြည်သားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

နာယကချုပ်ဆရာတော်
NDNF ထာဝရငြိမ်းချမ်းရေးကွန်ရက်
အထက်မြန်မာပြည် သာသနာပြုအဖွဲ့ချုပ်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂۶ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝ ကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန်နှင့် မတရားစွပ်စွဲမှုများဖြစ်လာစေရန် လုပ်ဆောင်နေကြခြင်းကို နိုင်ငံတကာမှ သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ ကိုယ်စား ICJ သို့သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သောကိစ္စရပ်များအတွက် အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂۶)

၂၀၂۶ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂۶ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး International Court of Justice– (ICJ)သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို ဥပဒေနှင့် အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသော လုပ်ရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာလိုသည့်ဆန္ဒကိုလည်း ဖော်ပြနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အသင်းသူ၊ အသင်းသားများအနေဖြင့် နိုင်ငံတော်နှင့်သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏ မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာ ရင်ဆိုင်ဖြေရှင်းနေမှုကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်များကို ပုံဖော်ပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထိုဖြစ်စဉ်များအပေါ် သိရှိနားလည်မှာဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရေးအတွက်လည်း အရေးပါသော အခြေခံအချက်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသူ၊ အသင်းသားများအနေဖြင့် နိုင်ငံတော်၏ ကိုယ်စား ICJ သို့သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ MSME Cluster လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ အသင်းသူ၊ အသင်းသားများ

ဂမ်ဘီယာက မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်မှုမရှိစေရေးနှင့် ကျူးလွန်သူများကို အပြစ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းရန် ပျက်ကွက်သည်ဟု စွပ်စွဲချက်အပေါ် မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Alina Miron ၏ လျှောက်လဲချက်

ဂမ်ဘီယာက မြန်မာနိုင်ငံအနေဖြင့် Genocide Convention Article I တွင် ဖော်ပြထားသော လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်မှုမရှိစေရေးနှင့် ကျူးလွန်သူများကို အပြစ်ပေးရန်နှင့် Genocide Convention Article V နှင့်အညီ ဥပဒေပြဋ္ဌာန်းရန် ပျက်ကွက်သည်ဟု စွပ်စွဲထားပါကြောင်း၊ ၂၃-၁-၂၀၂၀ ရက်တွင် ICJ တရားရုံးက ချမှတ်သောကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်ကို ချိုးဖောက်ခြင်းအတွက်လည်း တာဝန်ရှိသည်ဟု စွပ်စွဲထားပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းကို ကျူးလွန်ခြင်းအတွက် တာဝန်ရှိမှုနှင့် Genocide Convention တွင် ဖော်ပြထားသော ပြစ်မှုမြောက်စေသည့် အခြားဆက်စပ်မှုများကို ရှင်းပြလိုကြောင်း။

လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ရန်ပူးပေါင်းကြံစည်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့သည် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်ရန် လိုအပ်သည့်အချက်များဖြစ်ကြောင်း၊ ယခုအမှုတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခြင်းမရှိသဖြင့် ဂမ်ဘီယာ၏စွပ်စွဲချက်သည် မှန်ကန်မှုမရှိပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်များတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်သည်ဟုသာ ယေဘုယျအားဖြင့် ဖော်ပြသွားကြောင်း၊ Genocide Convention အရ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသော သီးခြားအချက်များအပေါ် သက်သေမပြနိုင်ကြောင်း၊ အကယ်၍ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း စွပ်စွဲပါက အဆိုပါလူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသည့် ပူးပေါင်းကြံစည်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့တည်ရှိကြောင်း သက်သေပြရမည့်တာဝန်သည် စွပ်စွဲသောသူအပေါ် ကျရောက်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သက်သေတင်ပြရန် တာဝန်မရှိကြောင်း၊ စွပ်စွဲသူ ဂမ်ဘီယာအပေါ်တွင်သာ ကျရောက်ပါကြောင်း၊ အဆိုပါအယူအဆအပေါ် ဂမ်ဘီယာကလည်း အငြင်းပွားမှုမရှိပါကြောင်း၊ လက်တွေ့တွင် ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသောအချက်များ သီးခြားတည်ရှိကြောင်း (dolus specialis) ကို မတင်ပြနိုင်ပါကြောင်း၊ ၎င်းတင်ပြသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသည့် သီးခြားတည်ရှိခြင်း (dolus specialis)မှာ လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် တာဝန်ရှိကြောင်းကိုသာ ပြောနိုင်ကြောင်း၊ မြန်မာနိုင်ငံက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟုဆိုသော ဂမ်ဘီယာ၏ စွပ်စွဲချက်မှာ ဥပဒေကြောင်းအရ မှားယွင်းပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် မြန်မာက ဘင်္ဂါလီများအပေါ်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ခွဲခြားဆက်ဆံပြီး အမုန်းတရားပွားများအောင် တပ်မတော်က ဆောင်ရွက်သည်ဟု FFM တွင် ဖော်ပြချက်များဖြင့် စွပ်စွဲထားသော်လည်း ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကိုဖြစ်ပေါ်စေနိုင်သည့် လှုံ့ဆော်မှုများ သီးခြားတည်ရှိကြောင်း (dolus specialis)ကို သက်သေမပြနိုင်ပါကြောင်း၊ ၎င်းအနေဖြင့် ပြောဆိုနိုင်သည်က ဘင်္ဂါလီများအပေါ် အမုန်းတရားပွားများစေရန် သံယောဇဉ်အချို့ကပြုလုပ်ပြီး အဆိုပါပြုလုပ်သူများကို တားဆီးအပြစ်ပေးရန် ပျက်ကွက်သည်ဟုသာ ပြောနိုင်ပါကြောင်း။

အမုန်းစကားကိုတားဆီးရန်ပျက်ကွက်မှုသည် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ရန် လှုံ့ဆော်မှုမဟုတ်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေရန်အတွက် အားထုတ်မှုရှိရမည်ဟုဆိုသောအချက်ကိုလည်း ဂမ်ဘီယာအနေဖြင့် သက်သေမပြနိုင်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေရန် အားထုတ်မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရှိရမည်ဆိုသောအချက်ကိုလည်း ဂမ်ဘီယာအနေဖြင့် သက်သေပြသနိုင်ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကိုတားဆီးရန် ပျက်ကွက်သည်ဟု ဂမ်ဘီယာ၏အဆိုလွှာနှင့် ယခုလျှောက်လဲချက်များတွင် ဥပမာများဖြင့် စွပ်စွဲဖော်ပြခဲ့သော်လည်း အဆိုပါအချက်များအပေါ် ထပ်မံစိစစ်ခြင်းပြုလုပ်မှုမရှိဘဲ စွပ်စွဲ၍သာပြောဆိုနိုင်သဖြင့် အဆိုပါအချက်များသည် ဥပဒေကြောင်းအရ သို့မဟုတ် အကြောင်းခြင်းဆိုင်ရာအရ အထောက်အကူမဖြစ်ပါကြောင်း။

ထို့ပြင် ဂမ်ဘီယာက မြန်မာနိုင်ငံအနေဖြင့် Genocide Convention Article V ပါ လိုအပ်သော ဥပဒေပြဋ္ဌာန်းရန်ပျက်ကွက်သည်ဟု စွပ်စွဲထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် Genocide Convention Article V ပါ အချက်ကို မိမိတို့၏ ပြစ်မှုဆိုင်ရာဥပဒေတွင် ဖော်ပြထားသော လူသတ်မှု၊ လက်ရောက်မှုနှင့် မုဒိမ်းမှုများကို အပြစ်ပေးနိုင်သော ပြစ်မှုဆိုင်ရာဥပဒေတည်ရှိခြင်းအားဖြင့်လည်း Convention ၏ တာဝန်ကို ဖြည့်ဆည်းရာရောက်ကြောင်း၊ ဂမ်ဘီယာ အပါအဝင် ၅၇ နိုင်ငံက Convention Article V ပါ တာဝန်ကို ၎င်းတို့၏ ပြစ်မှုဆိုင်ရာဥပဒေဖြင့် ဖြည့်ဆည်းထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရာဇသတ်ကြီးဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကို ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အဆိုပါရာဇသတ်ကြီးနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကို Genocide Convention ပါ လူမျိုးသုဉ်းသတ်ဖြတ်မှုကို သီးခြားဖော်ပြခြင်းဖြင့် ပြင်ဆင်ခဲ့ပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်ပါ ပထမ၊ ဒုတိယနှင့်တတိယအချက်များကို မြန်မာကချိုးဖောက်မှုရှိသည်ဟု UN အစီရင်ခံစာများနှင့် လူမှုကွန်ရက်စာမျက်နှာများမှ သတင်းများကို ကိုးကား၍သာ ဖော်ပြနိုင်ပြီး အချက်အလက်တိတိကျကျ ထောက်ပြနိုင်ခြင်းမရှိပါကြောင်း လျှောက်လဲခဲ့သည်။

သက်သေပြရန်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း စွပ်စွဲချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Sam Bloom-Cooper ၏ ချေပလျှောက်လဲချက်

ဂမ်ဘီယာအနေဖြင့် သက်သေပြရန်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသည့် ကျူးလွန်မှု(actus reus)ရှိကြောင်းနှင့်စပ်လျဉ်း၍ သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ထို့ပြင် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်ရန်အတွက် အကာအကွယ်ပေးရမည့်အုပ်စုကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးလိုသည့် သီးခြားရည်ရွယ်ချက် (dolus specialis) ဖြင့် ကျူးလွန်ခဲ့ခြင်းရှိကြောင်း သက်သေပြရမည်ဖြစ်သော်လည်း သက်သေပြနိုင်ခြင်းမရှိကြောင်း။

ဂမ်ဘီယာ၏ သက်သေပြချက်များသည် တိကျရေရာမှုမရှိသော FFM အချက်အလက်များကိုသာ အခြေခံထားကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာကတင်ပြသော အထောက်အထားများအပေါ် ခိုင်မာသော သက်သေများအဖြစ် မှတ်ယူ၍မရကြောင်း၊ ဂမ်ဘီယာ၏ဖော်ပြချက်များသည် အမည်မသိသူများ၏ တစ်ဆင့်ကြားစကားများကိုသာ စုစည်း၍ပြုစုထားသော FFM အစီရင်ခံစာနှင့် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်း၌ နေသောသူများကို interview ထားသည့် မှတ်စုများကိုသာ အခြေခံ၍ ဖော်ပြထားပါကြောင်း။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကာလတွင်း ARSA ၏အကြမ်းဖက်လှုပ်ရှားမှုနှင့် အကြမ်းဖက်မှုများရှိခဲ့သော်လည်း မျက်ကွယ်ပြုခဲ့ကြောင်း၊ အကာအကွယ်ပေးရမည့်အုပ်စုများကို သတ်ဖြတ်ခြင်းနှင့် စပ်လျဉ်း၍ Genocide Convention Article II(a) တွင် ဖော်ပြထားသော သတ်ဖြတ်ခြင်းသည် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှုရှိရမည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်ရမည်ဟုဆိုသော်လည်း စစ်ရေးတိုက်ခိုက်မှုများကို အင်အားသုံး၍ ပြန်လည်ခုခံရာမှ ဖြစ်ပေါ်လာသော အရပ်သားသေဆုံးမှုများသည် Article II(a) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်ခြင်းမရှိကြောင်းကို Croatia အမှုတွင် ဆုံးဖြတ်ထားပါကြောင်း။

ယခုအမှုတွင် ဂမ်ဘီယာက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟု စွပ်စွဲထားသော်လည်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်လုပ်ရပ်များရှိခဲ့သည်ဟု ဂမ်ဘီယာက စွပ်စွဲသော်လည်း အရေအတွက်မည်မျှ သေဆုံးသည်ကို ခွဲခြား၍မပြောနိုင်ကြောင်း၊ ၂၀၁၇ ခုနှစ် သြဂုတ်လ စစ်ဆင်ရေးကာလအတွင်း လူပေါင်း ၁၀၀၀၀ ကျော်ခန့် သေဆုံးခဲ့သည်ဟုသာ FFM အစီရင်ခံစာတွင် ဖော်ပြထားသည့် အတိုင်းသာ ယေဘုယျအားဖြင့် ပြောနိုင်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် သေဆုံးခဲ့သောဖြစ်စဉ်နှင့် စပ်လျဉ်း၍လည်း အတိအကျ မပြောနိုင်ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာကတင်ပြသည့် အထောက်အထားများသည် Genocide Convention Article II(a) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်မှုမရှိပါကြောင်း။

၂၀၁၇ ခုနှစ် သြဂုတ်လမတိုင်မီ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူဦးရေသည် ၁ ဒသမ ၄ သန်း ရှိသော်လည်း Article II(a) အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ရန်ရှိရမည့် သီးခြားအသတ်ခံရသည့်သူများ၏ မြောက်မြားစွာသောအရေအတွက်ကို သီးခြားဖော်ပြနိုင်ခြင်းမရှိကြောင်း၊ အကာအကွယ်ပေးရမည့်အုပ်စုအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖျက်ဆီးခြင်းပြုခဲ့သည့် အရေအတွက်ကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ အကာအကွယ်ပေးရမည့်အုပ်စုအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်းနှင့်စပ်လျဉ်း၍ လက်နက်ကိုင်ပဋိပက္ခအတွင်း ဖြစ်ပွားသော ထိခိုက်သေဆုံးမှုများသည် Article II(b) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ARSA အကြမ်းဖက်မှုအပေါ် တုံ့ပြန်သည့် စစ်ဆင်ရေးအတွင်း သေဆုံးမှုများသည်လည်း ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်ခြင်းမရှိသဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်သည် မှန်ကန်မှုမရှိပါကြောင်း။

ဂမ်ဘီယာ၏သက်သေအထောက်အထားများသည် Article II(b) ပါ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခဲ့ကြောင်း သက်သေပြရမည်ဖြစ်သော်လည်း သက်သေပြနိုင်ခြင်းမရှိကြောင်း၊ Genocide Convention ပါ အကာအကွယ်ပေးရမည့်အုပ်စု၏ အသက်ရှင်ရပ်တည်နိုင်မှု အခြေအနေကို ဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍ ဂမ်ဘီယာအနေဖြင့် အကာအကွယ်ပေးရမည့် အုပ်စုများအတွက် အစားအစာ၊ ဆေးဝါးနှင့် အဝတ်အထည်များရရှိရန် ကန့်သတ်ထားကြောင်းနှင့် လွတ်လပ်စွာသွားလာမှုအပေါ် ကန့်သတ်ချက်များ ဆောင်ရွက်ခဲ့ကြောင်းကို FFM အစီရင်ခံစာအပေါ်အခြေခံ၍စွပ်စွဲပြောဆိုခဲ့သော်လည်း မှန်ကန်မှုမရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ARSA တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း အစားအစာ၊ ဆေးဝါးများကို ဆက်လက်၍ ထောက်ပံ့ပေးခဲ့ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဘင်္ဂလီအချို့ ဘင်္ဂလားဒေ့ရှ်သို့ ရွှေ့ပြောင်းသွားခြင်းသည် အုပ်စုတစ်စုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၏ ရလဒ်ဖြစ်ကြောင်းကို သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဘင်္ဂလီလူမျိုးများအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးရာတွင် မည်သည့်အတိုင်းအတာထိ ဖျက်ဆီးခဲ့သည်ကို ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ထင်ရှားသောသက်သေများက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဘင်္ဂလီများ ဆက်လက်ရှင်သန်နေထိုင်လျက်ရှိကြောင်းကို ဂမ်ဘီယာကတင်ပြသော သက်သေများ၏ ၉၃ ရာခိုင်နှုန်းခန့်သည် လက်ထပ်ထားသောသူများဖြစ်ပြီး ၉၁ ရာခိုင်နှုန်းခန့်သည် ကလေးအမြောက်အမြား မွေးဖွားနိုင်သည့် မိဘများဖြစ်နေသည်မှာ သိသာထင်ရှားစွာညွှန်ပြနေကြောင်း။

ဂမ်ဘီယာအနေဖြင့် IDP စခန်းများအတွင်း ဘင်္ဂလီများအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုရှိကြောင်း၊ သွားလာမှုကန့်သတ်ချက်ရှိကြောင်း၊ အသက်ရှင်နေထိုင်ရေးအတွက် ရေ၊ အစားအစာရရှိနိုင်ရေးကို ကန့်သတ်ခံရသည်ဟု စွပ်စွဲထားသော်လည်း အဆိုပါ စွပ်စွဲချက်အပေါ် သက်သေပြနိုင်ခြင်း မရှိကြောင်း၊ အကာအကွယ်ပေးရမည့်အုပ်စုများအပေါ် ရက်စက်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အမမှုပြုကျင့်မှုများသည် အကာအကွယ်ပေးရမည့်အုပ်စုများ၏ ကလေးမွေးဖွားမှုများကို တားဆီးရန် ရည်ရွယ်သည့် လုပ်ရပ်များဖြစ်သည်ဟု ဂမ်ဘီယာက စွပ်စွဲထားကြောင်း၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အမမှုပြုကျင့်မှုများသည် အကာအကွယ်ပေးရမည့်အုပ်စုများ၏ မျိုးဆက်ပြန့်ပွားမှုများ ထိခိုက်စေနိုင်သည့် အနေအထားမျိုးဖြစ်ရမည်ဖြစ်ကြောင်းတို့ကို သက်သေအခိုင်အမာ တင်ပြရမည်ဖြစ်သော်လည်း ဂမ်ဘီယာအနေဖြင့် တင်ပြနိုင်ခြင်းမရှိဘဲ အခြေအမြစ်မရှိသော ပြောဆိုချက်ကိုသာ ပြောဆိုခဲ့ကြောင်း။

ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုအား ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်းဖြစ်ကြောင်းကို သက်သေပြနိုင်ခြင်းမရှိပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် နိုင်ငံ၏ စီမံချက်၊ မူဝါဒနှင့်ညွှန်ကြားချက်များသည် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခြင်းဖြစ်သည်ဟု သက်သေပြရမည်ဖြစ်သော်လည်း သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟုသက်သေပြရမည်ဖြစ်သော်လည်း အဆိုပါ စနစ်တကျ ကျူးလွန်ခဲ့သည့် အခြေအနေရှိခဲ့သည်ကို သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ARSA အဖွဲ့၏ အကြမ်းဖက်မှုအပေါ် တုံ့ပြန်သည့် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကို ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ကာလအတွင်း ARSA အကြမ်းဖက်များက တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ခိုက်လာသဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် အကာအကွယ်ပေးရမည့် အုပ်စုများအပေါ် ရည်ရွယ်ချက်ရှိရှိ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖျက်ဆီးခြင်းမရှိကြောင်း။

ARSA ၏အကြမ်းဖက်မှုအပေါ် ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်နှင့်စပ်လျဉ်း၍ ARSA အဖွဲ့သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကာလအတွင်း မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်ရှိ နယ်မြေ ၅၀ ကို စနစ်တကျစုစည်းမှုဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ပါကြောင်း၊ အဆိုပါ ARSA အဖွဲ့တွင် ထောင်ပေါင်းများစွာသော အကြမ်းဖက်အဖွဲ့ဝင်များပါဝင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ARSA ၏ တိုက်ခိုက်မှုများကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ရသည်မှာ သက်သေထင်ရှားပါကြောင်း။

အကြမ်းဖက်မှုစစ်ဆင်ရေးသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်း မဟုတ်ကြောင်း၊ ၂၀၁၆ ခုနှစ်ကာလတွင် ARSA က လုံခြုံရေးတပ်ဖွဲ့ဝင်များကို စတင်တိုက်ခိုက်လာသဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်ရာတွင် လက်လုပ်မိုင်းများနှင့် လက်နက်များဖြင့် တိုက်ခိုက်ခဲ့သော်လည်း အဆိုပါတိုက်ခိုက်မှုများအပြီး မြန်မာတပ်မတော်အနေဖြင့် သိသာထင်ရှားသည့် တပ်ဖြန့်ချထားမှုမရှိကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်အဖွဲ့ကို တုံ့ပြန်တိုက်ခိုက်ရာတွင် ယခင်တိုက်ခိုက်မှုများထက်ပိုပြီး ပြင်းထန်မှုမရှိကြောင်း၊ ထိုသို့ အကြမ်းဖက်မှုစစ်ဆင်ရေးကို စတင်ရပ်ဆိုင်းအကြောင်းရင်းသည်လည်း ARSA တိုက်ခိုက်မှုအပေါ် ပြန်လည်တုံ့ပြန်ရန်ဖြစ်ကြောင်း။

ထိုသို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့သော်လည်း၊ ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သည်ဟုသာ ပြောဆိုသော်လည်း မည်ကဲ့သို့ သို့မဟုတ် မည်သည့်အတွက်ကြောင့် ကျူးလွန်ကြောင်းကို ရှင်းပြနိုင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးမတိုင်မီ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာက ၂၀၁၆ ခုနှစ် တိုက်ခိုက်မှုများနောက်ပိုင်းတွင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်အဖြစ် ဘင်္ဂလီများနေထိုင်သော အိမ်များရှေ့ရှိ အကာအရံများကို ဖယ်ရှားရန်၊ ဓားနှင့် လက်နက်များကို သိမ်းဆည်းရန်၊ ဘင်္ဂလီများနှင့် ဘင်္ဂလီမဟုတ်သောသူများနေထိုင်သည့် ဒေသများတွင် ညမထွက်ရအမိန့်ကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲထားသော်လည်း အဆိုပါအမိန့်များသည် ဘင်္ဂလီများကိုသာ သီးခြားထုတ်ပြန်ထားသည့် အမိန့်ဖြစ်သည်ဟု ဂမ်ဘီယာအနေဖြင့် တိတိကျကျဖော်ပြနိုင်ခြင်းမရှိကြောင်း၊ မြန်မာအနေဖြင့် ဘင်္ဂလီလူမျိုးများအပေါ် လူဦးရေနည်းပါးစေရန် နည်းလမ်းတစ်ခုဖြစ်သော အစာအာဟာရဖြတ်တောက်ခြင်းနည်းလမ်းကို အသုံးပြုခဲ့သည်ဆိုသော ဂမ်ဘီယာ၏စွပ်စွဲချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ဘင်္ဂလီများအတွက် အစားအစာနှင့်ရိက္ခာများထောက်ပံ့ပေးခဲ့သည့် သက်သေအထောက်အထားများရှိသဖြင့် ဂမ်ဘီယာစွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း။

ထို့ကြောင့် ဂမ်ဘီယာစွပ်စွဲသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ရန် စနစ်တကျဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက်သည် မှန်ကန်မှုမရှိဘဲ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြန်လည်တုံ့ပြန်သည့် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားကြောင်း၊ အကြမ်းဖက်တိုက်ဖျက်မှု စစ်ဆင်ရေး၏ ပထဝီဝင်အနေအထားနှင့်စပ်လျဉ်း၍ ARSA လှုပ်ရှားသောနေရာများနှင့် စစ်ဆင်ရေးပြုလုပ်သည့်နေရာများမှာ တူညီမှုရှိခဲ့ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော နေရာ ၄၆ ခုနှင့်စပ်လျဉ်း၍ အဆိုပါနေရာများတွင် ARSA ၏ အကြမ်းဖက်လှုပ်ရှားမှုများရှိခဲ့ကြောင်း။

ARSA လှုပ်ရှားမှုမရှိသောနေရာများတွင် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးမရှိခဲ့ပါကြောင်း၊ နေရာ ၄၆ ခုတွင် ဂမ်ဘီယာစွပ်စွဲထားသည့် အကြမ်းဖက်မှုနှင့် အသက်ဆုံးရှုံးမှုသည် မရှိသလောက်နည်းပါးပါကြောင်း၊ အဆိုပါအချက်အပေါ် ဂမ်ဘီယာအနေဖြင့် ချေဖျက်နိုင်ခြင်းမရှိကြောင်း၊ စွပ်စွဲထားသော ပြစ်မှု၏အတိုင်းအတာ၊ အရေအတွက်နှင့် စပ်လျဉ်း၍ ဂမ်ဘီယာက အကြမ်းဖက်တိုက်ဖျက်မှု စစ်ဆင်ရေးကာလ အတွင်း လူပေါင်းများစွာသတ်ဖြတ်ခဲ့သည်ဟု ဂမ်ဘီယာ၏စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း။

FFM အစီရင်ခံစာတွင် ၂၀၁၇ ခုနှစ် သြဂုတ်လအတွင်း တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကြောင့် လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သုံးသပ်ဖော်ပြထားသည်ဟု ဂမ်ဘီယာက စွပ်စွဲထားသော်လည်း အဆိုပါစွပ်စွဲချက်နှင့် ဆန့်ကျင်၍ မြန်မာနိုင်ငံ၏ မှတ်တမ်းများအရ လူပေါင်း ၅၂၀ သေဆုံးကြောင်း၊ အဆိုပါ သေဆုံးမှုတွင် ၃၇၆ ယောက်သည် ARSA အကြမ်းဖက်များဖြစ်ပြီး ၁၃၁ ယောက်သည် ဟိန္ဒူ၊ ဘင်္ဂလီနှင့် ဒေသခံတိုင်းရင်းသားများနှင့် ၁၃ ယောက်မှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သည်ကို FFM က ဖော်ပြရန် ပျက်ကွက်ခဲ့ကြောင်း၊ ဘင်္ဂလီများသည် ၁ ဒသမ ၄ သန်းရှိကြောင်း၊ ဘင်္ဂလီ ၁ ဒသမ ၄ သန်းရှိသော်လည်း ဂမ်ဘီယာစွပ်စွဲသကဲ့သို့ လူ ၁၀၀၀၀ သေဆုံးမည်ဆိုပါက Croatia အမှုနှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၇ ရာခိုင်နှုန်းသာရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမျိုးသုဉ်းသတ်ဖြတ်ခဲ့သည်ဆိုသည့် ဂမ်ဘီယာ၏ စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း။

အကာအကွယ်ပေးရမည့်အုပ်စုကို ဖျက်ဆီးရန် အခြားသောအခွင့်အရေးရှိသည်ဟုဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍လည်း မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဘင်္ဂလီများအပေါ် ကျူးလွန်ခြင်းမရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် စစ်ဆင်ရေးကြောင့် IDP စခန်းများတွင် ဘင်္ဂလီမွတ်ဆလင် ၁၂၆၀၀၀ ခန့်ရှိသည်ဟု ဖော်ပြထားသော်လည်း အဆိုပါ လူအုပ်စုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းလာသူများဖြစ်ကြောင်းကို သက်သေပြနိုင်ခြင်းမရှိကြောင်း၊ သက်သေအထောက်အထားများအရ မြောက်မြားစွာသော ဘင်္ဂလီရွာသားများသည် ၎င်းတို့ နေထိုင်ရာရွာများမှ ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ ထွက်ခွာသွားသောသူများကို မြန်မာ့တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှု တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိကြောင်း။

မြောက်မြားစွာသော IIMM သက်သေများက ထိုသို့ထွက်ခွာသွားသူများကို မြန်မာ့တပ်မတော်က ထွက်ခွာခြင်းမပြုဘဲ တည်ငြိမ်အေးချမ်းသည့် အခြားသောနေရာများတွင်နေထိုင်ရန် တိုက်တွန်းပြောကြားခဲ့သော်လည်း ဘင်္ဂလီများက ဂရုမစိုက်ဘဲ ထွက်ခွာခဲ့ကြောင်း၊ ဂမ်ဘီယာက စွပ်စွဲထားသကဲ့သို့ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုသည် မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ဖြစ်ပွားခဲ့ခြင်းမရှိသကဲ့သို့ အမိန့်ပေးစေခိုင်းခြင်းလည်း မရှိပါကြောင်း၊ မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ဘင်္ဂလီလူမျိုးများကို ဖမ်းဆီးထိန်းသိမ်းခြင်းရှိခဲ့ကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၆ ခုနှစ် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကာလအတွင်း ARSA အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်သောသူများကို ဖမ်းဆီးထိန်းသိမ်း၍ တရားစွဲဆိုခဲ့ခြင်းများရှိခဲ့သော်လည်း

စာမျက်နှာ ၂၂ သို့

ဂမ်ဘီယာဘက်က စွပ်စွဲတောင်းဆိုထားသည့် ဥပဒေရေးရာ နောက်ဆက်တွဲကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Stefan Talmon ၏ ချေပလျှောက်လဲချက်

မြန်မာနိုင်ငံသည် Genocide Convention နှင့် Provisional Measures Order တို့ကို ချိုးဖောက်သည်ဟုဆိုကာ ဂမ်ဘီယာနိုင်ငံက ကုစားခွင့်များတောင်းဆိုထားပါကြောင်း နစ်နာသူ မဟုတ်သည့်နိုင်ငံ (non-injured State) ဖြစ်သည့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအနေဖြင့် Genocide Convention ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်ခဲ့ကြောင်း တရားရုံးက ကြေညာချက်ထုတ်ပြန်ပေးရန်၊ ဆက်လက်ဖြစ်ပေါ်နေသော ချိုးဖောက်မှုများကို ချက်ချင်းရပ်တန့်ရန် အမိန့်ချမှတ်ပေးရန် တောင်းဆိုထားပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ထပ်မံမကျူးလွန်ပါဟု အာမခံချက်ပေးရန် အမိန့်ချမှတ်ပေးရေး၊ လူမျိုးသုဉ်းသတ်ဖြတ်မှုတွင် ကျူးလွန်ခံရသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးပေးခြင်းနှင့် အခြားသော ကျေနပ်နှစ်သိမ့်မှုပေးခြင်း နည်းလမ်းများအပါအဝင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် သီးခြားလုပ်ဆောင်ချက်များဖြင့် ကုစားပေးရန်ကြေညာချက် ထုတ်ပြန်ပေးရေးတို့ကိုလည်း တောင်းဆိုထားပါကြောင်း။

မြန်မာနိုင်ငံသည် အဆိုပါ ချိုးဖောက်မှုကို ပြုလုပ်ခဲ့သည်ဟု ဂမ်ဘီယာနိုင်ငံက ခိုင်လုံသည့် သက်သေအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့်အတွက် ကုစားခွင့်ပေးရန်ဟူသောအကြောင်း ပေါ်ပေါက်ခြင်းမရှိသည်ကို တင်ပြအပ်ပါကြောင်း၊ တရားရုံးတော်က ကုစားမှုများနှင့်ပတ်သက်၍ သုံးသပ်ဆုံးဖြတ်ရာတွင် (၁) တရားရုံးတော် အနေဖြင့် သီးခြားကုစားမှု တောင်းဆိုချက်တစ်ရပ်ကို လက်ခံကြားနာရန် စီရင်ပိုင်ခွင့် ရှိမရှိ၊ (၂) တောင်းဆိုထားသော ကုစားမှုအတွက် ဥပဒေအခြေခံ (legal basis) ရှိမရှိ နှင့် (၃) အချက်အလက်များနှင့် ဥပဒေအခြေခံ၏ ဥပဒေဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ တို့ကို စိစစ်ရမည်ဖြစ်ပါကြောင်း၊ တောင်းဆိုသည့် ကုစားမှုတစ်ခုချင်းစီအတွက် တရားရုံးတော်၏ စီရင်ပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း။

ဂမ်ဘီယာနိုင်ငံကဲ့သို့သော နစ်နာသူ မဟုတ်သည့်နိုင်ငံ (non-injured State)တစ်ခုက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟု ဆိုသောသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးပေးရန် တောင်းဆိုချက်ကို လက်ခံကြားနာရန် တရားရုံးတော်၌ စီရင်ပိုင်ခွင့် မရှိဟု မြန်မာနိုင်ငံက တင်ပြလိုပါကြောင်း၊ ကုစားမှုများနှင့် စပ်လျဉ်းသည့် တရားရုံးတော်၏ စီရင်ပိုင်ခွင့်သည် "လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှု" ဟူသောစကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် မူတည်နေပါကြောင်း၊ "နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှု" ဆိုသော စကားရပ်ကို "နိုင်ငံတကာဥပဒေနှင့်ဆန့်ကျင်သောပြုမူဆောင်ရွက်ချက်များအတွက် နိုင်ငံများ၏ တာဝန်ရှိမှုဆိုင်ရာ နိုင်ငံတကာဥပဒေစည်းမျဉ်းများ"နှင့် ချိန်ထိုး၍ အဓိပ္ပာယ်ဖွင့်ဆိုရပါမည်ဖြစ်ပါကြောင်း။

ဤစည်းမျဉ်းများအရ နိုင်ငံတကာဥပဒေချိုးဖောက်မှုများအတွက် တစ်ဦးချင်းနစ်နာသူများကို လျော်ကြေးပေးရန် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုဆိုင်ရာ အထွေထွေစည်းမျဉ်းများအရ နိုင်ငံသည်သာလျှင် ထိခိုက်နစ်နာသူဖြစ်ပါကြောင်း၊ ထို့ကြောင့် လျော်ကြေးပေးခြင်းနှင့်စပ်လျဉ်း၍ Article IX အရ တရားရုံးတော်၏ စီရင်ပိုင်ခွင့်သည် နိုင်ငံအချင်းချင်းတာဝန်ရှိမှု (inter-State responsibility) အပေါ်တွင်သာ ကန့်သတ်ထားပါကြောင်း။

Climate Change နှင့်စပ်လျဉ်း၍ တရားရုံးတော်၏ Advisory Opinion အရ နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုနှင့်သက်ဆိုင်သော နိုင်ငံတကာဥပဒေစည်းမျဉ်းများ၌ ပုဂ္ဂိုလ်တစ်ဦးချင်းက တင်ပြသော တာဝန်ရှိမှုအတွက် တောင်းဆိုချက် ပါဝင်ခြင်းမရှိသည်မှာ ထင်ရှားလျက်ရှိပါကြောင်း၊ စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ အပြီးသတ်စီရင်ဆုံးဖြတ်ပြီးဖြစ်ခြင်း (res judicata) သည် တောင်းဆိုထားသော ကုစားမှုများ အပေါ် စီရင်ပိုင်ခွင့်ရှိခြင်းလည်းပါဝင်သည်ဟု ဂမ်ဘီယာက တင်ပြချက်သည် မှားယွင်းလျက်ရှိပါကြောင်း၊ Bosnian Genocide အမှုတွင် တရားရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း (existence of jurisdiction)နှင့် စီရင်ပိုင်ခွင့်အတိုင်းအတာ(extent of jurisdiction) တို့ကို ခွဲခြားသုံးသပ်ခဲ့ပါကြောင်း။

Genocide Convention ၏ Article IX ပါ "လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှု" ဆိုသော စကားရပ်၏အဓိပ္ပာယ်အရ ယခုအမှုတွင် တရားရုံးတော်၏ စီရင်ပိုင်ခွင့်သည် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟု ဆိုသောသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုမှုများထိ သက်ရောက်ခြင်းမရှိဟု ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် တင်ပြအပ်ပါကြောင်း။

ကနဦး ကန့်ကွက်လွှာဆိုင်ရာ စီရင်ချက်သည် ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားသော ကုစားမှုများအတွက် ဥပဒေအခြေခံရှိမရှိ မေးခွန်းကိုသုံးသပ်ခဲ့ခြင်းမရှိသလို ဆုံးဖြတ်ခဲ့ခြင်းလည်းမရှိပါကြောင်း၊ ဂမ်ဘီယာ၏ ကုစားခွင့်တောင်းဆိုချက်များသည် ဥပဒေအခြေခံမရှိသည်ကို တင်ပြအပ်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခံရသည်ဟုဆိုသောသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုမှုကို "နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ဆိုးရွားစွာ ချိုးဖောက်မှုများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ပြင်းထန်စွာချိုးဖောက်မှုများမှ ကျူးလွန်ခံရသူများအတွက် ကုစားခွင့်နှင့် လျော်ကြေးရခွင့်ဆိုင်ရာ အခြေခံမူများနှင့်လမ်းညွှန်ချက်များ" (Basic Principles and Guidelines) အပေါ်တွင်လည်း အခြေခံ၍ မရပါကြောင်း၊ အဆိုပါ အခြေခံမူများနှင့် လမ်းညွှန်ချက်များသည် ဥပဒေအရ စည်းနှောင်မှုမရှိသလို နိုင်ငံတကာဥပဒေအရ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟုဆိုသောသူများထံ တိုက်ရိုက်လျော်ကြေးပေးရန်အတွက် နိုင်ငံတကာဥပဒေအရ တာဝန်ဝတ္တရားတစ်ရပ်ရပ်ကိုလည်း သတ်မှတ်ထားခြင်းမရှိပါကြောင်း။

ဂမ်ဘီယာနိုင်ငံသည် ၎င်း၏လျော်ကြေးတောင်းဆိုမှုအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC)၏ နိုင်ငံများ၏ တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အပိုဒ် ၄၈ အပိုဒ်ခွဲ ၂ (ခ) ကို ကိုးကားထားပါကြောင်း၊ ၎င်းအပိုဒ်တွင် နစ်နာသူမဟုတ်သော နိုင်ငံများသည် အဖွဲ့ဝင်အားလုံးနှင့်သက်ဆိုင်သော တာဝန်ဝတ္တရားများ (obligations erga omnes partes) ကို အကျိုးခံစားခွင့်ရှိသူများ၏ အကျိုးစီးပွား အတွက်တာဝန်ရှိသောနိုင်ငံထံမှ လျော်ကြေးပေးရန်တာဝန်ကို ဆောင်ရွက်ပေးရေးတောင်းဆိုနိုင်သည်ဟု ဆိုထားပါကြောင်း၊ သို့သော် ဤပြဋ္ဌာန်းချက်သည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ (customary international law) ကို ထင်ဟပ်ဖော်ပြခြင်းမရှိပါဟု မြန်မာနိုင်ငံ၏ ချေပလွှာတွင် တင်ပြထားပြီးဖြစ်ပါကြောင်း။

လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခံရသည်ဟု ဆိုသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုချက်အတွက် ဂမ်ဘီယာက ILC ၏ "နိုင်ငံများ၏ တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ" အပိုဒ် ၄၈ အပိုဒ်ခွဲ ၂ (ခ) ကို ကိုးကားထားပါကြောင်း၊ ယင်းအပိုဒ် ၄၈ အပိုဒ်ခွဲ ၂ (ခ) အရ အကျိုးခံစားခွင့်ရှိသူတစ်ဦးသည် အခြားအကျိုးခံစားခွင့်ရှိသူတစ်ဦး၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုခွင့် မရှိပါကြောင်း၊ ဂမ်ဘီယာက မြန်မာနိုင်ငံအား "ရိုဟင်ဂျာအုပ်စုဝင်အားလုံးကို နိုင်ငံသားဖြစ်ခွင့် အပြည့်အဝနှင့် တန်းတူညီမျှပေးအပ်ရန်"နှင့် "တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များကို ထိရောက်သော အရပ်သားအုပ်ချုပ်မှုဖြင့် ထိန်းချုပ်ထားကြောင်း" သေချာစေရန် အမိန့်ချမှတ်ပေးရေးတောင်းဆိုထားပါကြောင်း၊ အဆိုပါ တောင်းဆိုထားသော အမိန့်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်နယ်ပယ် (domaine reserve) ကို နက်ရှိုင်းစွာ စွက်ဖက်ခြင်းဖြစ်ပါကြောင်း။

တရားရုံးတော်၏ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် အပိုဒ် ၈၆ (၁)၊ (၂) နှင့် (၃) ကို ချိုးဖောက်မှုမှန်သမျှအတွက်"မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်း (restitution) ကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးရန်" ဂမ်ဘီယာက တောင်းဆိုထားပါကြောင်း၊ ဂမ်ဘီယာသည် အဓိကတရားစီရင်ဆောင်ရွက်မှုတွင် လူမျိုးသုဉ်းစေသော ပြုလုပ်မှုကို ကြေညာပေးခြင်းဖြင့် ကုစားမှုကိုသာရရှိရန် အကန့်အသတ်ရှိသောကြောင့် ကြားဖြတ်စီမံဆောင်ရွက်မှုအမိန့်ကို ချိုးဖောက်သည်ဟု စွပ်စွဲချက်များနှင့်ပတ်သက်၍ မူလအခြေအနေသို့ ပြန်ရောက်စေခြင်းနှင့်လျော်ကြေးတို့ကို တောင်းဆိုနိုင်မည် မဟုတ်ပါကြောင်း။

ဂမ်ဘီယာသည် နောက်ဆက်တွဲညှိနှိုင်းမှုများတွင် မြန်မာနိုင်ငံထံမှ ငွေပမာဏအများဆုံးရယူနိုင်ရန် မျှော်လင့်ချက်ဖြင့် ထိခိုက်နစ်နာမှုကို အတိအကျမဖော်ပြဘဲ ဖြစ်ပေါ်ခဲ့သည့်ထိခိုက်နစ်နာမှုတစ်ရပ်ရပ်အတွက် မြန်မာနိုင်ငံက မူလအခြေအနေသို့ ပြန်ရောက်စေရမည်သို့မဟုတ် လျော်ကြေးပေးရမည်ဟု တရားရုံးတော်က စိတ်ကူးပုံဖော်၍ ယေဘုယျဆန်သော ကြေညာချက် (abstract and general declaration) တစ်ရပ်ထုတ်ပြန်ပေးရန်သာ ကြိုးပမ်းနေပါကြောင်း၊ သို့သော် တရားရုံးတော်၏ တာဝန်မှာ စိတ်ကူးပုံဖော်ထားသော ဥပဒေဆိုင်ရာ ဖော်ပြချက်များကို ပြုလုပ်ရန်မဟုတ်ဘဲ ခိုင်မာတိကျသော အငြင်းပွားမှုများကို ဖြေရှင်းပေးရန်ဖြစ်ပါကြောင်း၊ တရားရုံးတော်သည် ကြားဖြတ်စီမံဆောင်ရွက်မှုအမိန့်ကို ချိုးဖောက်ခြင်းအတွက် လျော်ကြေးပေးရန် တစ်ကြိမ်တစ်ခါမျှ အမိန့်မချမှတ်ခဲ့ဖူးပါကြောင်း၊ ဂမ်ဘီယာ၏ အခြားသော ကုစားမှုများအတွက် တောင်းဆိုချက်သည် ဥပဒေအခြေခံမှုမရှိသဖြင့် ပယ်ချသင့်ပါကြောင်း ချေပလျှောက်လဲခဲ့သည်။

စာမျက်နှာ ၂၁ မှအဆက်

ဘဂ်လီလူမျိုးများကို ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီးထိန်းသိမ်းခြင်းမဟုတ်ဘဲ ARSA အကြမ်းဖက် တိုက်ခိုက်မှုနှင့် ပတ်သက်သောသူများဖြစ်သဖြင့် ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း။

ဂမ်ဘီယာမှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘဂ်လီခေါင်းဆောင်များကို စနစ်တကျပစ်မှတ်ထားခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းရှိခဲ့သည်ဟု စွပ်စွဲထားသော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ အဆိုပါ ဘဂ်လီခေါင်းဆောင်များသည် ARSA အဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ရန် ကျေးရွာများအတွင်း စည်းရုံးလှုံ့ဆော်မှုများကြောင့် ရံဖန်ရံခါဖမ်းဆီးခံရလေ့ရှိသည်ဟူသောအချက်ကို ဂမ်ဘီယာက ဖော်ပြခဲ့ခြင်းမရှိပါကြောင်း၊ ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်ခဲ့ခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့သည်ဟု ဂမ်ဘီယာ၏ စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း။

မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှု စစ်ဆင်ရေးကာလအတွင်း ကျေးရွာများကို စနစ်တကျမီးရှို့ဖျက်ဆီးခဲ့သည်ဟု ဂမ်ဘီယာ၏စွပ်စွဲချက်သည် မှန်ကန်မှုမရှိပါကြောင်း၊ အဆိုပါ မီးလောင်မှုများသည် ၂၀၁၇ ခုနှစ် သြဂုတ်လအတွင်း ARSA အဖွဲ့ခေါင်းဆောင်က အသံလွှင့်၍ ထောင်ပေါင်းများစွာသော ၎င်း၏ထောက်ခံသူများကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ကျေးရွာများအားလုံးကို မီးရှို့ရန် ညွှန်ကြားခဲ့ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာအနေဖြင့် မြန်မာက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟုဆိုသော စွပ်စွဲချက်တွင် အလွန်မြင့်မားသည့် သက်သေထင်ရှားပြသရန်တာဝန်ကို ထမ်းဆောင်ရန်ပျက်ကွက်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ရန် ရည်ရွယ်ချက်မရှိကြောင်းကို အကာအကွယ်ပေးရမည့်အုပ်စုအပေါ် စနစ်တကျ ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းမရှိကြောင်း။

နေရာ သုံးခုတွင် ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အခြားနေရာ ၄၃ ခုတွင် စွပ်စွဲထားသည့်သေဆုံးမှုမှာ အလွန်နည်းပါးပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် ၎င်းတို့စွပ်စွဲထားသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုကြောင့် လူပေါင်း ၁၀၀၀၀ သေဆုံးသည်ဟူသော အချက်နှင့်စပ်လျဉ်း၍ သက်သေမပြနိုင်ကြောင်း၊ Croatia အမှုနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်ပါကြောင်း၊ ARSA အဖွဲ့၏ အကြမ်းဖက်မှုအပေါ်တုံ့ပြန်သည့် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးဖြစ်ကြောင်းကို ဂမ်ဘီယာ၏ ကျွမ်းကျင်သူကိုယ်တိုင်ကဝန်ခံထားပါကြောင်း၊ မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးများသည် ARSA တိုက်ခိုက်မှုရှိသောနေရာများတွင်သာ ပြုလုပ်ခဲ့ကြောင်း၊ ARSA လှုပ်ရှားမှုမရှိသော နေရာများတွင် ထိတွေ့မှုဖြစ်စဉ်များမရှိပါကြောင်း။

အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးသည် ရက်ပိုင်းမျှသာကြာပါကြောင်း၊ ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် လူသတ်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်သည်ဟူသော စွပ်စွဲချက်များမရှိသည့်အတွက် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟူသော စွပ်စွဲချက်မှာ မှန်ကန်မှုမရှိကြောင်း၊ မြန်မာအနေဖြင့် ရခိုင်ဒေသရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိသော ၁၂၆၀၀၀ ဘဂ်လီလူမျိုးများ၏ တစ်ဦးချင်းစီအပေါ်မူ ထိခိုက်မှုတစ်စုံတစ်ရာမပြုလုပ်ခဲ့ကြောင်း၊ အကယ်၍ မြန်မာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့မည်ဆိုပါက အဆိုပါဘဂ်လီလူမျိုးများသည် ဆက်လက်ရှိနေမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာ၏စွပ်စွဲချက်သည် FFM ၏ ထင်မြင်ချက်ကိုသာ အခြေခံ၍ တင်ပြထားခြင်းဖြစ်ပြီး သက်သေအထောက်အထားတင်ပြနိုင်ခြင်း မရှိပါကြောင်း။

တရားရုံးအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခြင်း မရှိကြောင်းကို တင်ပြထားသည့် သက်သေအထောက်အထားများအပေါ် ဂရုတစိုက်နှင့်မျှတစွာသုံးသပ်၍ ဆုံးဖြတ်လိမ့်မည်ဟု မြန်မာအနေဖြင့် ယုံကြည်ပါကြောင်း ချေပလျှောက်လဲခဲ့သည်။

နိုင်ငံတကာက မသိကျိုးကျွန်ပြုထားသော မြန်မာနိုင်ငံ၏ အနောက်တံခါးဝက ARSA အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ

နိုင်ငံတစ်နိုင်ငံလို့ ဆိုလိုက်တာနဲ့ အဲဒီနိုင်ငံရဲ့ အချုပ်အခြာအာဏာ (Sovereignty) နဲ့ နယ်မြေလုံခြုံရေးဆိုတာ အသက်တမျှ အရေးကြီးပါတယ်။ ကမ္ဘာ့မြေပုံပေါ်က ဘယ်နိုင်ငံရဲ့ အစိုးရမဆို သူတို့ရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ရဲစခန်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အကြမ်းဖက်သမားတွေက ဝင်ရောက်စီးနင်းတိုက်ခိုက်လာရင် လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး။ ဒါဟာ နိုင်ငံတကာဥပဒေအရရော နိုင်ငံတစ်နိုင်ငံရဲ့ ခုခံပိုင်ခွင့်အရပါ တရားဝင်တဲ့ တုံ့ပြန်မှုဖြစ်ပါတယ်။

မင်းခန့်

ဒီနေ့ဆွေးနွေးချင်တာကတော့ ကမ္ဘာ့မီဒီယာတွေမှာ ဝေဝေဆာဆာဖော်ပြနေကြတဲ့ လူ့အခွင့်အရေး ခေါင်းစဉ်အောက်က ဖုံးကွယ်ခံထားရတဲ့ ကြောက်စရာကောင်းတဲ့ အမှန်တရားတစ်ခု အကြောင်းပါ။ အဲဒါကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးပေါက်ဖြစ်တဲ့ ရခိုင်ပြည်နယ် မောင်တောဒေသမှာ အမြစ်တွယ်နေတဲ့ ARSA (Arakan Rohingya Salvation Army) အကြမ်းဖက်အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ သူတို့နောက်ကွယ်က နိုင်ငံရေးကစားကွက်နဲ့ မျောက်ပြဆန်တောင်း လုပ်ရပ်တွေအကြောင်းပဲ ဖြစ်ပါတယ်။

ARSA အဖွဲ့ကို မြန်မာနိုင်ငံအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့ကတည်းက အကြမ်းဖက်အဖွဲ့အဖြစ် ဥပဒေနဲ့အညီ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ယခုတစ်ကမ္ဘာလုံးက စိတ်ဝင်တစားစောင့်ကြည့်နေကြတဲ့ ICJ မှာ မြန်မာနဲ့ ဂမ्ဘီယာအမှုရဲ့ ပြဿနာအစ၊ အဓိကအရင်းအမြစ်ကတော့ ARSA ပဲဖြစ်ပါတယ်။ သူ့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို တပ်မတော်က ROE နဲ့အညီ တုံ့ပြန်တိုက်ခိုက်ရာကနေ ဒီအမှုဟာ ၂၀၁၉ ခုနှစ်ကတည်းက စတင်ခဲ့တာပါ။

အခုဆိုရင် ၂၀၂၆ ခုနှစ်ကို ရောက်ရှိလာပြီဖြစ်ပေမယ့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ မြန်မာနိုင်ငံကို စွပ်စွဲထားတဲ့ အမှုတွေက မပြီးပြတ်သေးပါဘူး။ မြန်မာနိုင်ငံက Genocide (လူမျိုးသုဉ်းသတ်ဖြတ်မှု) ကျူးလွန်တယ်ဆိုပြီး ဂမ्ဘီယာနိုင်ငံက တရားစွဲထားတာကို ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဂမ्ဘီယာနိုင်ငံက တရားစွဲထားတဲ့ဒီအမှုမှာ နိုင်ငံတကာက မြန်မာနိုင်ငံကို လူ့အခွင့်အရေး ချိုးဖောက်သူအဖြစ် လက်ခံလာအောင်ပုံဖော်နေကြပေမယ့် တကယ့်လက်တွေ့မြေပြင်မှာ အကြမ်းဖက်ခံရသူတွေ၊ သတ်ဖြတ်ခံရသူတွေနဲ့ နေရပ်စွန့်ခွာထွက်ပြေးနေရတာတွေရဲ့ လက်သည်တရားခံဖြစ်တဲ့ **ARSA (Arakan Rohingya Salvation Army)** အစွန်းရောက်အကြမ်းဖက်အဖွဲ့ကြီးအကြောင်းကိုတော့ တမင်သက်သက် မေ့လျော့ထားကြသလိုပါပဲ။ အထူးသဖြင့် ဂမ्ဘီယာနိုင်ငံ လျှောက်လဲချက်တွေမှာ ARSA အဖွဲ့ကို မသိတဲ့ပုံစံမျိုးအထိ ဖုံးကွယ်နေတာ

ဟာဘစ်တူဟာရ်နှင့် ၎င်း၏အကြမ်းဖက်အဖွဲ့ဝင်များ။

အံ့သြဖွယ်ရာ ကြားသိရပါတယ်။

ARSA အဖွဲ့ဟာ နိုးရိုးရှင်းရှင်းဒေသခံတွေ မကျေနပ်လို့ ထကြွတဲ့အဖွဲ့လေးလို့ ထင်နေရင်တော့ အကြီးအကျယ်မှားသွားပါလိမ့်မယ်။ သူတို့ရဲ့ နောက်ကွယ်မှာ ခိုင်မာတဲ့ဖွဲ့စည်းပုံ၊ နိုင်ငံတကာ အစွန်းရောက်အဖွဲ့တွေရဲ့ အထောက်အပံ့နဲ့ ကြီးမားတဲ့ရည်ရွယ်ချက်တွေ ရှိနေပါတယ်။ နိုင်ငံတကာ မီဒီယာအများစုက ARSA ကို "လွတ်မြောက်ရေး လုပ်ရှားသူများ" အဖြစ် ပုံဖော်ချင်ကြပေမယ့် သူတို့ရဲ့ဇာစ်မြစ်ကို လေ့လာကြည့်ရင် အစွန်းရောက်အကြမ်းဖက်ဝါဒနဲ့ ဆက်နွယ်နေတာကို တွေ့ရမှာပါ။ ARSA အဖွဲ့ (ယခင် Aqa Mul Mujahidin)ကို ဦးဆောင်နေသူကတော့ ပါကစ္စတန်နိုင်ငံ ကရာချီမြို့မှာမွေးဖွားကာ ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့မှာ ကြီးပြင်းခဲ့ပြီး မြန်မာနိုင်ငံ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာကို ပြောင်းရွှေ့နေခဲ့တဲ့ အသက် ၄၅ နှစ်အရွယ် အာတာအူလ္လာ (ခ) ဟာဘစ်တူဟာရ် (Hafiz Tohar) ဆိုသူ ဖြစ်ပါတယ်။

ဟာဘစ်တူဟာရ် ဟာ ပါကစ္စတန်အခြေစိုက် တာလီဘန် အကြမ်းဖက်အဖွဲ့မှာ ခြောက်လကြာ စစ်သင်တန်းတက်ခဲ့ဖူးသူ တစ်ဦးပါ။ သူဟာ တစ်ဦးတည်း လှုပ်ရှားသူမဟုတ်ဘဲ ပါကစ္စတန်နိုင်ငံသားခါလစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတာပါလောင် ဒုက္ခသည်စခန်းနေ အီဗရာဟိန်း၊ အဇာနှင့် အာရပ်တူလာ အပါအဝင် အမာခံ ၁၂ ဦးနဲ့ အုပ်စုဖွဲ့လှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ RSO အကြမ်းဖက်အဖွဲ့နဲ့ဆက်နွယ်ပြီး Aqa Mul Mujahidin အမည်နဲ့ မောင်တောဒေသမှာ အကြမ်းဖက်မှုတွေကို စတင်ပြုလုပ်ခဲ့တာပါ။ သူတို့အဖွဲ့ကို ဆော်ဒီအာရေဗျက ဘာသာရေးခေါင်းဆောင်တချို့က ငွေကြေးထောက်ပံ့ခဲ့ပြီး နိုင်ငံတကာ အကြမ်းဖက်ကွန်ရက်တွေနဲ့လည်း ချိတ်ဆက်ထားပါတယ်။

ARSA အဖွဲ့ဟာ ရုတ်တရက်ပေါ်ပေါက်လာတဲ့ အဖွဲ့မဟုတ်ပါဘူး။ ၁၉၄၈ ခုနှစ် မူဂျာဟစ်သောင်းကျန်းသူတွေကနေ အစပြုလို့ RLP၊ RPF၊ RSO စသဖြင့် အဆင့်ဆင့်အသွင်ပြောင်းလာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်မှာ Aqa Mul Mujahidin (AMM) အမည်နဲ့ စတင်လှုပ်ရှားခဲ့ကာ နောက်ပိုင်းမှာ ARSA အဖြစ် အမည်ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်က ရှင်းလင်းပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင် ဒေသတွေကို မြန်မာ့မြေပုံပေါ်ကနေ ဖဲ့ထုတ်ပြီး အာကစ္စတန် (Arkistan) ဆိုတဲ့ နိုင်ငံသစ်ထူထောင်ဖို့ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့အတွက် သူတို့ဟာ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နိုင်ငံစတဲ့ နိုင်ငံတွေက အစွန်းရောက်အဖွဲ့အစည်းတွေဆီက ငွေကြေးနဲ့ နည်းပညာအထောက်အပံ့တွေ ရယူခဲ့ကြပါတယ်။ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ သူတို့မှာ ရက်စက်ကြမ်းကြုတ်တဲ့ အဆင့် (၄) ဆင့်ပါ စီမံကိန်းကြီး ရှိခဲ့ပါတယ်။

ပထမအဆင့်အနေနဲ့ အစိုးရဌာနဆိုင်ရာနဲ့ ဆက်နွယ်နေတဲ့ ဘင်္ဂါလီတွေကို သစ္စာဖောက်အဖြစ်သတ်မှတ်ပြီး လုပ်ကြံသတ်ဖြတ်မယ်။ ဒုတိယအဆင့်ကတော့ ARSA အဖွဲ့ရဲ့ အမိန့်ကိုမနာခံတဲ့ ဘင်္ဂါလီတွေကို သတ်ဖြတ်မယ်။ တတိယအဆင့်အဖြစ် ဒေသခံတိုင်းရင်းသား (ရခိုင်၊ မြို၊ ဒိုင်းနက်) တွေကို သတ်ဖြတ်ပြီး နေရပ်စွန့်ခွာထွက်ပြေးအောင်လုပ်မယ်။ နောက်ဆုံး စတုတ္ထအဆင့်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ စခန်းတွေကိုဝင်တိုက်ပြီး နယ်မြေသိမ်းပိုက်မယ်။ ဒါဟာ နိုင်ငံရေးအရတောင်းဆိုမှုမဟုတ်ပါဘူး။ အကြမ်းဖက်ဝါဒ (Terrorism) သက်သက်ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းမြင်ရမှာ ဖြစ်ပါတယ်

ပထမအဆင့်အနေနဲ့ အစိုးရဌာနဆိုင်ရာနဲ့ ဆက်နွယ်နေတဲ့ ဘင်္ဂါလီတွေကို သစ္စာဖောက်အဖြစ်သတ်မှတ်ပြီး လုပ်ကြံသတ်ဖြတ်မယ်။ ဒုတိယအဆင့်ကတော့ ARSA အဖွဲ့ရဲ့ အမိန့်ကို မနာခံတဲ့ ဘင်္ဂါလီတွေကို သတ်ဖြတ်မယ်။ တတိယအဆင့်အဖြစ် ဒေသခံတိုင်းရင်းသား (ရခိုင်၊ မြို၊ ဒိုင်းနက်) တွေကို သတ်ဖြတ်ပြီး နေရပ်စွန့်ခွာထွက်ပြေးအောင်လုပ်မယ်။ နောက်ဆုံး စတုတ္ထအဆင့်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ စခန်းတွေကို ဝင်တိုက်ပြီး နယ်မြေသိမ်းပိုက်မယ်။ ဒါဟာ နိုင်ငံရေးအရတောင်းဆိုမှုမဟုတ်ပါဘူး။ အကြမ်းဖက်ဝါဒ (Terrorism) သက်သက်ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းမြင်ရမှာပါပဲ။

ARSA ကဘာတွေလုပ်ခဲ့သလဲဆိုတာကြည့်မယ်ဆိုရင် ARSA အဖွဲ့ဟာ သာမန်ဘင်္ဂါလီအရပ်သားတွေမဟုတ်ပါဘူး။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁ နာရီ ၃၀ မိနစ်အချိန်က ဟာဘစ်တူဟာရ်ဦးစီးတဲ့ အကြမ်းဖက်အဖွဲ့ဟာ မောင်တော ဒေသမှာရှိတဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု ဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲစခန်းနဲ့ ငါးခူရနယ်မြေရုံးတွေကို အလစ်အငိုက် တစ်ပြိုင်နက်တည်း ဝင်ရောက်စီးနင်းခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးခဲ့ရပြီး ရဲတပ်ဖွဲ့ဝင် ခြောက်ဦးနဲ့ အရပ်သား တစ်ဦးတို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ အစိုးရရဲတပ်ဖွဲ့ဘက်က လက်နက်မျိုးစုံ ၆၇ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လှံစွပ် ၄၇ ချောင်းနဲ့ ကျည်အိမ် ၁၆၄ ခုအထိ အကြမ်းဖက်သမားတွေလက်ထဲသို့ ရောက်ရှိသွားခဲ့ရပါတယ်။

၂၀၁၇ ခုနှစ် ဇေဖော်ဝါရီလ ၂၈ ရက်နေ့အထိ စာရင်းတွေအရ ARSA အကြမ်းဖက်သမားတွေ အနေနဲ့ အစိုးရသတင်းပေးလို့စွပ်စွဲပြီး အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခြင်း၊ နေအိမ်တွေကို မီးရှို့ခြင်းတွေ ပြုလုပ်ခဲ့လို့ ကျေးရွာပေါင်း ၁၇ ရွာက အဆောက်အအုံ ၉၆၃ လုံး မီးလောင်ပျက်စီးခဲ့ရပါတယ်။ အဲဒီကာလအတွင်းမှာပဲ သူတို့ရဲ့ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူ ၁၈ ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့တယ်။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင် ARSA အဖွဲ့ဟာ လူ့အခွင့်အရေးလှုပ်ရှားတာ မဟုတ်ဘဲ အပြစ်မဲ့ပြည်သူတွေကို ဒုက္ခပေးနေတဲ့ အကြမ်းဖက်အဖွဲ့သက်သက် ဖြစ်တယ်ဆိုတာ ထင်ရှားစေပါတယ်။

ဒါက အစပျိုးရုံပဲ ရှိပါသေးတယ်။ ပိုပြီးကြီးမားတဲ့ စစ်ဆင်ရေးကို ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ နံနက် ၁ နာရီလောက် အချိန်မှာ ARSA အစွန်းရောက်အင်အား ၄၀၀၀ ကျော်ကနေ ၁၀၀၀၀ လောက်အထိ စုရုံးပြီး မောင်တော၊ ဘူးသီးတောင်ဒေသတွေမှာရှိတဲ့ ရဲကင်းစခန်းပေါင်း ၃၀ နဲ့ တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း (Simultaneous Attacks) ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။

ဒါဟာ ရိုးရိုးတိုက်ခိုက်မှုမဟုတ်ပါဘူး။ အင်အားရာနဲ့ချီအသုံးပြုပြီး စနစ်တကျစီစဉ်ထားတဲ့ စစ်ဆင်ရေးတစ်ခုပါ။ အဲဒီအချိန်ကတည်းက သူတို့ဟာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးပြီး အကြမ်းဖက်ဝါဒကို အစပျိုးနေပြီဆိုတာ ထင်ရှားခဲ့ပါတယ်။ အဲဒီနေ့ တစ်ရက်တည်းမှာတင် တိုက်ပွဲ ၃၈ ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦး ကျဆုံးခဲ့ရသလို လက်နက် ခြောက်လက် ဆုံးရှုံးခဲ့ရပါတယ်။ ဒါ့အပြင် သူတို့ဟာ ကားလမ်းတွေမှာ မိုင်းထောင်တာ၊ တံတားတွေကို ဖောက်ခွဲတာတွေကိုပါ လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတကာအနေနဲ့ စဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရဲစခန်း ၃၀ ကို လက်နက်ကိုင်အင်အား ထောင်ချီက တစ်ပြိုင်နက်တည်းဝင်တိုက်ရင် ဘယ်အစိုးရက ငြိမ်နေမှာပါလဲ။ ဒီလိုအခြေအနေမျိုးမှာ မြန်မာအစိုးရအနေနဲ့ Counter-Terrorism Operation မလုပ်ဘဲ လက်ပိုက်ကြည့်နေလို့ ရပါ့မလား။ ဒါဟာ လူ့အခွင့်အရေးတောင်းဆိုမှုလား၊ ဒါမှမဟုတ် အကြမ်းဖက်ကျူးကျော်မှုလားဆိုတာ ကွဲကွဲပြားပြားသိမြင်ဖို့ လိုပါတယ်။

စာမျက်နှာ ၂၄ သို့

စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လျှုဒါန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောကဓာတုကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလ အလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လျှုဒါန်းနိုင်ပြီး လျှုဒါန်းသည့်အလျှုရှင်များ၏ အမည်များကို မှတ်တမ်းကမ္မည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မျှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

စာမျက်နှာ ၂၃ မှအဆက်

ဟာဘစ်တူဟာရ်အဖွဲ့ဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်ရုံမကပါဘူး။ လူမှုကွန်ရက်တွေကတစ်ဆင့် ဝါဒဖြန့်ဗီဒီယိုဖိုင် ၁၀ ကြိမ်လောက်ထုတ်လွှင့်ပြီး အစွန်းရောက်လှုံ့ဆော်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သူ့ရဲ့ဗီဒီယိုဖိုင်တွေမှာဆိုရင် **"အာရကန်ဒေသမှာ အစ္စလာမ်ဘာသာတစ်မျိုးတည်းသာရှိရမယ်"**လို့ ကြွေးကြော်ခဲ့သလို **"ဘာသာခြားတွေကို လာသတ်ကြ၊ ဂျီဟာတ်လုပ်ကြ၊ အားလုံးထွက်လာကြ"** လို့ အတိအလင်းလှုံ့ဆော်ခဲ့ပါတယ်။ သူတို့ကိုယ်တိုင် ရခိုင်ကျေးရွာတွေကို မီးရှို့ဖျက်ဆီးပြီး ဘာဂါလီဘာသာစကားနဲ့ ပြောဆိုအမိန့်ပေးနေတဲ့ ဗီဒီယိုဖိုင်တွေ လူမှုကွန်ရက်တွေမှာ မြန်မာလို၊ အင်္ဂလိပ်လို ဘာသာစကားတွေနဲ့ ပျံ့နှံ့နေတာဟာ ငြင်းလို့မရတဲ့ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

ARSA ရဲ့ လုပ်ရပ်တွေမှာ အဆိုးရွားဆုံးကတော့ လူမျိုးရေးမုန်းတီးမှုအပေါ်အခြေခံတဲ့ သတ်ဖြတ်မှုတွေပါပဲ။ ARSA ဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုသာ တိုက်ခိုက်တာမဟုတ်ဘဲ ဒေသခံတိုင်းရင်းသားတွေနဲ့ ဟိန္ဒူဘာသာဝင်တွေကိုပါ ပစ်မှတ်ထားသတ်ဖြတ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့ မနက်ပိုင်းမှာ ARSA အကြမ်းဖက်သမားတွေဟာ ရဲဘောက်ကျကျေးရွာက ဟိန္ဒူဘာသာဝင် ၅၂ ဦးနဲ့ ခမောင်းဆိပ် (တောင်) ရွာက ၅၃ ဦး စုစုပေါင်း ၁၀၅ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။ အဲဒီအထဲက ဟိန္ဒူဘာသာဝင် ၄၅ ဦးကို ရက်ရက်စက်စက် လည်လိုးသတ်ဖြတ်ပြီး ကျင်းတစ်ခုထဲမှာ မြှုပ်နှံခဲ့တာကို ပြန်လည်တူးဖော်တွေ့ရှိခဲ့ရပါတယ်။

ဒါတင်မကသေးပါဘူး။ ARSA ဟာ ဒေသခံမြို့တိုင်းရင်းသားတွေ၊ ဒိုင်းနက်လူမျိုးတွေကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါတယ်။ ပိုပြီး ထိတ်လန့်စရာကောင်းတာကတော့ ARSA ဟာ သူတို့ရဲ့အကြမ်းဖက်လမ်းစဉ်ကို လက်မခံတဲ့၊ အစိုးရနဲ့ပူးပေါင်းတယ်လို့ ယူဆရတဲ့ အစ္စလာမ်ဘာသာဝင် အချင်းချင်းကိုပါ သစ္စာဖောက်ဆိုပြီး ခေါင်းဖြတ်သတ်ဖြတ်ခဲ့တာတွေရှိပါသေးတယ်။ ဒီအချက်တွေက ဘာကိုပြနေသလဲဆိုတော့ ARSA ဟာ လူ့အခွင့်အရေးလှုပ်ရှားသူတွေမဟုတ်ဘဲ ISIS လိုမျိုး အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်း (Terrorist Group) သာဖြစ်ကြောင်း သက်သေပြနေပါတယ်။

နိုင်ငံတော်အစိုးရဟာ ARSA ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို တုံ့ပြန်တဲ့အနေနဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆင်နွှဲခဲ့ခြင်းသာဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံနဲ့ OIC တို့က ICJ မှာ စွပ်စွဲနေသလို မြန်မာနိုင်ငံမှာ ဘဂါလီလူမျိုးတွေကို မျိုးဖြုတ်သတ်ဖြတ်နေတာမျိုး လုံးဝမရှိပါဘူး။ ကမ္ဘာ့ဘယ်နိုင်ငံမှာမဆို အကြမ်းဖက်သမားတွေက နယ်မြေလုံခြုံရေးကို ထိပါးလာရင်၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်လာရင် အစိုးရအနေနဲ့ နိုင်ငံသားတွေကို ကာကွယ်ပေးဖို့ တာဝန်ရှိပါတယ်။ မြန်မာ့တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဟာ ARSA အကြမ်းဖက်သမားတွေကိုသာ ပစ်မှတ်ထား ရှင်းလင်းခဲ့တာဖြစ်ပြီး အပြစ်မဲ့ပြည်သူတွေကို ထိခိုက်မှုမရှိအောင် Rules of Engagement (ROE) နဲ့အညီ ဆောင်ရွက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာတွေက ဖော်ပြထားပါတယ်။

နိုင်ငံတကာကပြောနေကြတဲ့ သိန်းနဲ့ချီတဲ့ ဒုက္ခသည်တွေ ထွက်ပြေးနေရတယ်ဆိုတဲ့ကိစ္စရဲ့ နောက်ကွယ်မှာလည်း ARSA ရဲ့ နိုင်ငံရေးကစားကွက် (Political Trap) ကြီးတစ်ခုရှိနေပါတယ်။ ARSA အဖွဲ့ဟာ ဘဂါလီလူမျိုးတွေကို လူသားဒိုင်း (Human Shields) အဖြစ် အသုံးပြုခဲ့သလို သူတို့ရဲ့ တိုက်ခိုက်မှုမအောင်မြင်တဲ့အခါမှာ ကျေးရွာတွေကို သူတို့ကိုယ်တိုင် မီးရှို့ပြီး ထွက်ပြေးကြပါတယ်။ ပြီးတော့ သာမန်ဘဂါလီရွာသားတွေကို ခြိမ်းခြောက်ပါတယ်။ **"မင်းတို့ထွက်မပြေးရင် အစိုးရစစ်တပ်က လာသတ်လိမ့်မယ်"၊ " မလိုက်ရင် မင်းတို့ကို သစ္စာဖောက်အဖြစ် သတ်မယ်"** ဆိုပြီး ခြိမ်းခြောက်ကာ တစ်ဖက်နိုင်ငံကိုထွက်ပြေးအောင် တွန်းအားပေးမောင်းထုတ်ခဲ့ကြတာပါ။ တစ်ဖက်မှာလည်း **"ဟိုဘက်နိုင်ငံရောက်ရင် နိုင်ငံတကာအထောက်အပံ့တွေနဲ့ ကောင်းကောင်းနေရမယ်၊ တတိယနိုင်ငံသွားရမယ်"** ဆိုပြီး မက်လုံးပေး စည်းရုံးခဲ့ကြပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က ဒုက္ခသည်အကျပ်အတည်း (Refugee Crisis) ကို ဖန်တီးပြီး နိုင်ငံတကာဖိအားကြည့်ရင် သူတို့ရဲ့ရည်ရွယ်ချက်က တရားမျှတမှုထက် မြန်မာနိုင်ငံဆီက လျော်ကြေးငွေ (Compensation) ရလိုမှုက ပိုများနေတာကိုတွေ့ရပါတယ်။ သူတို့ဟာ ARSA ရဲ့ အကြမ်းဖက်မှုတွေကို မျက်ကွယ်ပြုပြီး တစ်ဖက်သတ် FFM (Fact-Finding Mission) အစီရင်ခံစာတွေကိုပဲ ကိုးကားနေကြပါတယ်။ အဲဒီအစီရင်ခံစာတွေက မြေပြင်အခြေအနေမှန်ကို မထင်ဟပ်ဘဲ နိုင်ငံရေးအရ ဘက်လိုက်မှုတွေရှိနေပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ ARSA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုဖို့ ဝန်လေးနေတာဟာ အလွန်အန္တရာယ်ကြီးမားပါတယ်။ ဒါဟာ အကြမ်းဖက်ဝါဒကို သွယ်ဝိုက်ပြီး အားပေးရာရောက်နေပါတယ်။

